



# ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန်

# စာမေးပွဲ မေးခွန်းနှင့်စံပြအဖြေများ



## အုပ်စု(၄).သံယုတ္တနိကာယ်

## 📖၁။သဂါထာဝဂ္ဂ.နိဒါနဝဂ္ဂသံယုတ်📖

ဗဟန်း.မဟာဝိသုဒ္ဓါရုံ

✍️အရှင်သီလဝံသာလင်္ကာရ(ရေစကြို)✍️

ဒေါက်တာခင်ခင်ရီ
ပရိယတ္တိဖောင်ဒေးရှင်း

ဓမ္မစေတမန်

ရန်ကုန်တိုင်းဒေသကြီး
ဓမ္မစေတမန်အဖွဲ့မှ ကြီးမှူးကျင်းပသော
ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ

## အုပ်စု (၄) သံယုတ္တနိကာယ
## သဂါထာဝဂ္ဂ+နိဒါနဝဂ္ဂ ပါဠိတော် မြန်မာပြန် မေးခွန်း

၁၃၇၅-ခုနှစ်၊ နယုန်လဆန်း (၁၀) ရက်၊ (၁၈. ၆. ၂၀၁၃) အင်္ဂါနေ့
ခွင့်ပြုချိန်။ ။၄- နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

၁။ လောကဝ၌ ထွန်းလင်းတောက်ပသော အရောင်တို့ကို ထွန်းလင်းတောက်ပရာအခါနှင့် တွဲစပ်ပြ၍၊ ထိုထွန်းလင်းတောက်ပသော အရောင်တို့ထက် မြတ်သောအရောင်ကိုလည်း ဖော်ပြခဲ့ပါ။

၂။ အမှောင်မှလာ၍ အလင်းသို့သွားသောသူကို ဥပမာနှင့်တကွ ဖြေဆိုခဲ့ပါ။

၃။ ဤရုပ်ပုံ (အတ္တဘော)ကို အဘယ်သူဖြစ်စေအပ်သနည်း၊ ဤရုပ်ပုံ (အတ္တဘော) ကို ပြုတတ်သူကား အဘယ်သူနည်း၊ အဘယ်ကြောင့် ဤရုပ်ပုံ (အတ္တဘော) သည် ဖြစ်ပေါ်လာသနည်း၊ အဘယ့်ကြောင့် ဤရုပ်ပုံ (အတ္တဘော) သည် ချုပ်သနည်း ဟူသော အမေး၏ အဖြေကို ဖော်ပြခဲ့ပါ။

၄။ သူတစ်ပါးတို့ကို တောင်းတတ်ကာမျှဖြင့် ဘိက္ခုဟုခေါ်နိုင် မခေါ်နိုင် ရှင်းပြ၍၊ အဘယ်သို့သော သူကိုသာ ဘိက္ခုဟု ဆိုနိုင်ပါသနည်း ဖြေဆိုခဲ့ပါ။

၅။ သိကြားဖြစ်ကြောင်း အကျင့်ကောင်းတို့တွင် အစသုံးခုမျှ ဖော်ပြ၍၊ သိကြားမင်းကို မဃဝ (မာဃ)ဟု ခေါ်ဆိုရခြင်း အကြောင်းကိုလည်း ဖြေဆိုခဲ့ပါ။

၆။ တပ်ခြင်းကင်းမှု (အရဟတ္တမဂ်)၊ တည်ကြည်မှု သမာဓိ၊ ယုံကြည်မှုသဒ္ဓါ၊ တပ်မက်မှုတဏှာတို့၏ အကြောင်း အသီးသီးတို့ကို ဖြေဆိုခဲ့ပါ။

၇။ ဘေးရန်ငါးပါးငြိမ်း၍ သောတာပတ္တိအင်္ဂါလေးပါးနှင့် ပြည့်စုံသူတစ်ယောက်သည် "ငါဟာ ငရဲမကျတော့ဘူး" ဟု ကြွေးကြော်နိုင်၏ဟူ၍ ဆိုထားရာ ဘေးရန်ငါးပါးမှ အစ (၂) ခု၊ သောတာပတ္တိ အင်္ဂါ လေးပါးမှ အစ (၂) ခုတို့ကိုသာ ထုတ်နုတ်ဖြေဆိုခဲ့ပါ။

၈။ အဘယ်တရားတို့ကို အလွန်နှစ်သက်သောသူသည် ဒုက္ခကို နှစ်သက်ရာ ရောက်ပါသနည်း ဓာတုသံယုတ် စတုတ္ထဝဂ် အဘိနန္ဒသုတ်ကိုရှု၍ ဖြေဆိုခဲ့ပါ။

၉။ ရွှေအတုမပေါ်သေးသမျှ ရွှေအစစ်မကွယ်နိုင်သကဲ့သို့ သူတော်ကောင်းတရားအတုမပေါ်သေးသမျှ သူတော်ကောင်းတရား အစစ်မကွယ်နိုင်ဟုဟောတော်မူထားရာ သူတော်ကောင်းတရား ကွယ်ပျောက်ကြောင်း တရားတို့ကို ဖော်ပြခဲ့ပါ။

၁၀။ မြားဖမ်းယောက်ျား၏ လျင်မြန်ခြင်းထက် အဆင့်ဆင့်ပို၍လျင်မြန်သော အရာတို့ကိုဖော်ပြ၍၊ နံနက်တစ်ကြိမ် နေ့လယ်တစ်ကြိမ် ညနေတစ်ကြိမ် ထမင်းအိုးတစ်ရာ လှူခြင်းထက် အဘယ်တရားပွားများခြင်းက အကျိုးပိုများပါသနည်း ဖြေဆိုခဲ့ပါ။

တစ်ပုဒ်ဿလျှင် (၁၀) မှတ်စီ

ရန်ကုန်တိုင်းဒေသကြီး
ဓမ္မစေတမန်အဖွဲ့မှ ကြီးမှူးကျင်းပသော
ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ
အုပ်စု (၄) သံယုတ္တနိကာယ
သဂါထာဝဂ္ဂ+နိဒါနဝဂ္ဂ ပါဠိတော် မြန်မာပြန် အဖြေမှန်
၁၃၇၅-ခုနှစ်၊ နယုန်လဆန်း (၁၀) ရက်၊ (၁၈. ၆. ၂၀၁၃) အင်္ဂါနေ့
ခွင့်ပြုချိန်။ ။၄- နာရီ။ (မွန်းလွဲ ၁:၀၀ နာရီမှ ညနေ ၅:၀၀ နာရီအထိ)

ဒေါက်တာခင်ခင်ရီ
ပရိယတ္တိဖောင်ဒေးရှင်း

ဓမ္မစေတမန်

၁။ နေမင်းသည် နေ့အခါ၌ ထွန်းလင်းတောက်ပ၏။ လသည် ညဥ့်အခါ၌ ထွန်းလင်းတောက်ပ၏။ မီးသည် နေ့၌လည်းကောင်း ညဥ့်၌လည်းကောင်း ထိုထိုအရပ်၌ ထွန်းလင်းတောက်ပ၏။ ထိုထွန်းလင်းတောက်ပသော အရောင်တို့ထက် တောက်ပသော မြတ်သောအရောင်ကား ဘုရားတည်းဟူသော အရောင် ဖြစ်ပါသည်။
(မြန်မာပြန်၊၄၄)

၂။ အမှောင်မှလာ၍ အလင်းသို့သွားသောသူ

ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် ဆင်းရဲ၍ ထမင်းအဖျော် စားဖွယ်နည်းလျက် ခဲယဥ်းငြိုငြင်စွာ အသက်မွေးရသော ဒွန်းစဏ္ဍားအမျိုး၌ဖြစ်စေ နှီးသမားအမျိုး၌ဖြစ်စေ တံငါအမျိုး၌ဖြစ်စေ သားရေအလုပ်သမားမျိုး၌ဖြစ်စေ ပန်းမှိုက်သွန်မျိုး၌ဖြစ်စေ၊ ယုတ်နိမ့်သော အမျိုး၌ ဖြစ်ရ၏။ ယင်းအမျိုး၌ ဆင်းရဲငြိုငြင်သဖြင့် အစားအဝတ်ကို ရ၏။ ထိုသူသည် အဆင်းမလှ။ ရှုချင့်ဖွယ်မရှိ ပုကွ၏၊ ကန်းသည်ဖြစ်၍လည်းကောင်း၊ ကောက်သည်ဖြစ်၍လည်းကောင်း ခွင်သည်ဖြစ်၍လည်းကောင်း ခြေဆွံ့သည်ဖြစ်၍လည်းကောင်း အနာများ၏။ ထမင်းအဖျော် အဝတ် ယာဉ် ပန်း နံ့သာ နံ့သာပျောင်း အိပ်ရာနေရာ ဆီမီးကိုလည်း မရနိုင်၊ ထိုသူသည် ကိုယ်ဖြင့် ကောင်းသောအကျင့်ကို ကျင့်၏၊ နှုတ်ဖြင့် ကောင်းသောအကျင့်ကို ကျင့်၏၊ စိတ်ဖြင့် ကောင်းသောအကျင့်ကို ကျင့်၏၊ ထိုသူသည် ကိုယ်နှုတ်စိတ်ဖြင့် ကောင်းသော အကျင့်ကို ကျင့်သောကြောင့် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသော လားရာဖြစ်သော နတ်ပြည်၌ ဖြစ်၏။ ယောကျ်ားသည် မြေမှလည်း ပလ္လင်သို့ တက်ရာသို့လည်းကောင်း၊ ပလ္လင်မှလည်း မြင်းကျောက်ကုန်းသို့ တက်ရာသို့လည်းကောင်း၊ မြင်းကျောက်ကုန်းမှလည်း ဆင်ကျောက်ကုန်းသို့ တက်ရာသို့လည်းကောင်း၊ ဆင်ကျောက်ကုန်းမှလည်း ပြာသာဒ်သို့ တက်ရာသို့လည်းကောင်း ဤပုဂ္ဂိုလ်မျိုးကို အမှောင်မှလာ၍ အလင်းသို့ သွားသောသူဟု ခေါ်ဆိုပါသည်။

၃။ ဤအတ္တဘောကို မိမိကိုယ်တိုင်လည်း ပြုအပ်သည်မဟုတ်၊ သူတစ်ပါးလည်း ပြုအပ်သည်မဟုတ်၊ ဤအတ္တဘောသည် အကြောင်းကို စွဲ၍ ဖြစ်၏၊ အကြောင်းပျက်ခြင်းကြောင့် ချုပ်၏။

လယ်၌ စိုက်ပျိုးအပ်သော တစ်စုံတစ်ခုသော မျိုးစေ့သည် မြေသြဇာနှင့် အစေး ယင်း ၂-ပါးကို စွဲ၍ ပေါက်သကဲ့သို့ ဤအတူ ခန္ဓာတို့လည်းကောင်း ဓာတ် ၆-ပါးတို့လည်းကောင်း အာယတနခြောက်ပါးတို့လည်းကောင်း ဤတရားတို့သည် အကြောင်းကိုစွဲ၍ ဖြစ်ကုန်၏၊ အကြောင်းပျက်ခြင်းကြောင့် ချုပ်ကုန်၏။ (မြန်၊၁၃၁)

၄။ ပုဏ္ဏား အနံ့မကောင်းသော အကုသိုလ်တရားကို ဆောက်တည်၍ သူတစ်ပါးတို့ကို တောင်းတတ်ကာမျှဖြင့် ဘိက္ခုကမမည်၊ တောင်းစားတတ်၍ ဘိက္ခုအမည်ခံသူ ရှိသမျှသည်လည်း တောင်းတတ်ကာမျှဖြင့် ဘိက္ခုမည်သည် မဟုတ်ဟု မြတ်စွာဘုရား မိန့်ဆိုထားသောကြောင့် ဘိက္ခုဟု မခေါ်နိုင်ပါ။

ဤလောက၌ အကြင်သူသည် ကောင်းမှုကိုလည်းကောင်း မကောင်းမှုကိုလည်းကောင်း ပယ်၍ မြတ်သော အကျင့်ကို ပညာဖြင့် ဆင်ခြင်လျက် ကျင့်၏၊ ထိုသူကိုသာ စင်စစ် ဘိက္ခုဟူ၍ ဆိုအပ်၏။ (မြန်၊၁၇၂)

၅။ **သိကြားဖြစ်ကြောင်း အကျင့် (၃) ခုတို့တွင် အစ ၃-ခု**

(က) အသက်ထက်ဆုံး အမိအဖကို လုပ်ကျွေးမွေးမြူသူ ဖြစ်ခြင်း၊

(ခ) အသက်ထက်ဆုံး အမျိုးထဲ၌ ကြီးသောသူတို့ကို အရိုအသေပြုလေ့ရှိသူ ဖြစ်ခြင်း၊

(ဂ) အသက်ထက်ဆုံး သိမ်မွေ့သော စကားကို ဆိုလေ့ရှိသူဖြစ်ခြင်းတို့ ဖြစ်ကြသည်။

**သိကြားမင်းကို မဃဝ (မာဃ) ဟု ခေါ်ရခြင်းအကြောင်း**

ရှေးလူဖြစ်စဉ်အခါက မဃမည်သောလုလင် ဖြစ်ခဲ့သောကြောင့် သိကြားမင်းကို မဃဝ (မာဃ)ဟု ခေါ်ပါသည်။ (မြန်၊၂၁၄)

၆။ **တပ်ခြင်းကင်းမှု (အရဟတ္တမဂ်၏) အကြောင်းကား-**

ငြီးငွေ့မှု နိဗ္ဗိဒါဉာဏ် ဖြစ်ပါသည်။

**တည်ကြည်မှု (သမာဓိ) ၏ အကြောင်းကား-**

ချမ်းသာခြင်း သုခ ဖြစ်ပါသည်။

**ယုံကြည်မှု သဒ္ဓါ၏ အကြောင်းကား-**

ဆင်းရဲခြင်း ဒုက္ခ ဖြစ်ပါသည်။ (မြန်၊၂၅၃)

**တပ်မက်မှု တဏှာ၏ အကြောင်းကား-**

ခံစားမှု ဝေဒနာ ဖြစ်ပါသည်။ (မြန်၊၂၅၄)

၇။ **ဘေးရန် (၅) ပါးထဲမှ အစ ၂-ခု ကား**

(က) သူ့အသက်ကို သတ်လေ့ရှိခြင်း၊

(ခ) သူမပေးသော ဥစ္စာကို ခိုးယူလေ့ရှိခြင်းတို့ ဖြစ်ကြသည်။ (မြန်၊၂၈၅)

**သောတာပတ္တိ အင်္ဂါ ၄-ပါးထဲမှ အစ ၂-ခု**

ဤသာသနာတော်၌ အရိယာတပည့်သည်

(က) ပူဇော်အထူးကို ခံယူတော်မူထိုက်ခြင်းစသည်တို့ကြောင့် အရဟံစသည် မည်ပါသည်။ (အလုံးစုံသော) တရားတို့ကို ကိုယ်တိုင်မှန်စွာ သိတော်မူခြင်း စသည်တို့ကြောင့် သမ္မာသမ္ဗုဒ္ဓ စသည် မည်ပါသည်ဟု မြတ်စွာဘုရား၌ သက်ဝင်ယုံကြည်မှုနှင့် ပြည့်စုံခြင်း၊

(ခ) မြတ်စွာဘုရားဟောကြားထားသော တရားတော်သည် ကောင်းစွာ ဟောထားသော တရားတော်ပေတည်း။ ကိုယ်တိုင်သိမြင်နိုင်သော တရားတော်ပေတည်း၊ အခါမလင့် အကျိုးပေးတတ်သော တရားတော်ပေတည်း။ လာလှည့် ရှုလှည့်ဟု ပြထိုက်သော တရားတော်ပေတည်း။ မိမိ၏ ကိုယ်ထဲ စိတ်ထဲ၌ ဆောင်ထားထိုက်သော တရားတော်ပေတည်း၊ (အရိယာ) ပညာရှိတို့သာ ကိုယ်စီကိုယ်ငှ သိမြင်နိုင် ခံစားနိုင်သော တရားတော်ပေတည်းဟု တရားတော်၌ သက်ဝင်ယုံကြည်မှုနှင့် ပြည့်စုံခြင်း (၂၈၆)

၈။ ပထဝီ အာပေါ တေဇော ဝါယောဓာတ်တို့ကို နှစ်သက်သော သူသည် ဒုက္ခကို အလွန်နှစ်သက်ရာ ရောက်ပါသည်။ (မြန်၊၃၇၁)

၉။ **သူတော်ကောင်းတရား ကွယ်ပျောက်ကြောင်း ၅-ပါး**

ဤသာသနာတော်၌ ရဟန်းယောကျ်ား ရဟန်းမိန်းမ ဥပါသကာယောကျ်ား ဥပါသိကာ မိန်းမတို့သည် မြတ်စွာဘုရား၌ မရိုသေ မတုံ့ဝပ်ကုန်သည်ဖြစ်၍ နေကုန်၏။ တရားတော်၌ မရိုသေ မတုံ့ဝပ်ကုန်သည်ဖြစ်၍ နေကုန်၏၊ သံဃာတော်၌ မရိုသေ မတုံ့ဝပ်ကုန်သည်ဖြစ်၍ နေကုန်၏၊ သိက္ခာ၌ မရိုသေ မတုံ့ဝပ်ကုန်သည်ဖြစ်၍ နေကုန်၏၊ သမာဓိ၌ မရိုသေ မတုံ့ဝပ်ကုန်သည်ဖြစ်၍ နေကုန်၏တို့ ဖြစ်ပါသည်။ (မြန်၊၄၁၂)

၁၀။ **မြားဖမ်းယောကျ်ား၏ လျင်မြန်ခြင်းထက် အဆင့်ဆင့်ပို၍ လျင်မြန်သော အရာများ**

မြားဖမ်းယောကျ်ား၏ လျင်မြန်ခြင်းထက် လနေတို့၏ လျင်မြန်ခြင်းက ပို၍ လျင်မြန်၏၊ လနေတို့၏ လျင်မြန်ခြင်းထက် လနေတို့၏ ရှေ့မှ ပြေးသွားသော နတ်တို့၏ လျင်မြန်ခြင်းက သာ၍ လျင်မြန်၏။ ထိုနတ်တို့၏

လျှင်မြန်ခြင်းထက် အလွန်လျှင်မြန်စွာ အသက်တို့သည် ကုန်ဆုံးရကုန်၏။ (မြန်၊၄၄၅)

နံနက်တစ်ကြိမ် နေ့လယ်တစ်ကြိမ် ညနေတစ်ကြိမ် ထမင်းအိုးတစ်ရာ လှူခြင်းထက် နွားနို့တစ်ညှစ်ခန့်မျှ မေတ္တာစိတ်ကို ပွားများခြင်းသည် ပို၍ အကျိုးများပါသည်။ (မြန်၊၄၄၄)

ဒေါက်တာခင်ခင်ရီ
ပရိယတ္တိဖောင်ဒေးရှင်း

ရန်ကုန်မြို့
ဒေါက်တာ ခင်ခင်ရီ ပရိယတ္တိဖောင်ဒေးရှင်းမှ ကြီးမှူးကျင်းပသော
ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ

**အုပ်စု (၄) သံယုတ္တနိကာယ**

**သဂါထာဝဂ္ဂ+နိဒါနဝဂ္ဂ ပါဠိတော် မြန်မာပြန်**

၁၃၇၆-ခုနှစ်၊ နယုန်လဆန်း (၁) ရက်၊ (၂၉. ၅. ၂၀၁၄) ကြာသပတေးနေ့
ခွင့်ပြုချိန်။ ။၄- နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

## မေးခွန်းနှင့် အဖြေ

၁။ ကိုယ်တွင်း ကိုယ်ပ နှစ်ဌာနသော ရှုပ်ထွေးမှုများစွာကို မည်သည့်ပုဂ္ဂိုလ်မျိုးက, မည်ကဲ့သို့ ဖြေရှင်းနိုင်သည်ကို ဖြေ၍၊ 'ဓာတ်လေးပါး ဒွါရကိုးပါးရှိ၍ လောဘနှင့်စပ်ယှဉ်သော အမိဝမ်းတိုက် ညွှန်၌ဖြစ်သောကိုယ်သည် အဘယ်သို့ ထွက်မြောက်မှု ဖြစ်နိုင်လိမ့်မည်နည်း' အမေးအရ ထွက်မြောက်မှု နည်းလမ်းများကိုလည်း ချပြပါ။

ဖြေ။ ကိုယ်တွင်းကိုယ်ပ နှစ်ဌာနသောရှုပ်ထွေးမှုများစွာကို မည်သည့်ပုဂ္ဂိုလ်မျိုးက, မည်ကဲ့သို့ ဖြေရှင်းနိုင်သည်ကိုဖြေ၍၊ 'ဓာတ်လေးပါး ဒွါရကိုးပါးရှိ၍ လောဘနှင့်စပ်ယှဉ်သော အမိဝမ်းတိုက်ညွှန်၌ဖြစ်သောကိုယ်သည် အဘယ်သို့ ထွက်မြောက်မှု ဖြစ်နိုင်လိမ့်မည်နည်း' အမေးအရ ထွက်မြောက်မှု နည်းလမ်းများကိုလည်း ချပြပါ။

**မည်သည့်ပုဂ္ဂိုလ်မျိုးက** - (က)ပဋိသန္ဓေပညာရှိ၍၊ (ခ)ပြင်းစွာအားထုတ်မှုရှိသော၊ (ဂ)ရင့်ကျက်သည့်ပညာရှိသော၊ (ဃ)သံသရာကိုဘေးဟုရှုလေ့ရှိသော ပုဂ္ဂိုလ်သည်၊ **(၄-မှတ်)**

**မည်ကဲ့သို့** - (က)သီလ၌တည်၍၊ (ခ)သမာဓိ စိတ်ကိုရင်း၊ (ဂ)ဝိပဿနာပညာကိုရင်း ပွားစေလျက် ဖြေရှင်းနိုင်ရာ၏။ (မြန်မာပြန်၊၁၃) **(၂-မှတ်)**

**ထွက်မြောက်မှုနည်းလမ်း** - (က)ရန်ငြိုးဖွဲ့မှုကိုရင်း၊ (ခ)ကိလေသာဟူသော ကြိုးလွန်ကိုရင်း၊ (ဂ)လိုလားမှု 'ဣစ္ဆာ'ကိုရင်း၊ (ဃ)ယုတ်ညံ့သောလိုချင်မှု 'လောဘ'ကိုရင်း ဖြတ်၍၊ (င)တပ်မက်မှု တဏှာကို အမြစ်နှင့်တကွ နုတ်ပယ်နိုင်သည်ရှိသော် ထွက်မြောက်မှုဖြစ်နိုင်လတံ့။ **(၄-မှတ်)** (မြန်မာပြန်၊၁၅)

## မေးခွန်းနှင့် အဖြေ

၂။ ရောဟိတဿနတ်သား၏ ဘုရားရှင်အား လျှောက်ထားသည့် အမေးစကားရပ်ကိုသာဖြေ၍၊ 'အစားကြူးက အသက်တိုတတ်သည်'ဟူသော ဆိုရိုးသည် ဗုဒ္ဓအလိုကျ လက်ခံနိုင်ဖွယ် ရှိ/မရှိ လိုရင်း အချုပ်မျှ စိစစ်တင်ပြပါ။

ဖြေ။ ရောဟိတဿနတ်သား၏ ဘုရားရှင်အား လျှောက်ထားသည့် အမေးစကားရပ်ကိုသာဖြေ၍၊ 'အစားကြူးက အသက်တိုတတ်သည်'ဟူသော ဆိုရိုးသည် ဗုဒ္ဓအလိုကျ လက်ခံနိုင်ဖွယ် ရှိ/မရှိ လိုရင်း အချုပ်မျှ စိစစ်တင်ပြပါ။

**အမေးစကားရပ်** - 'အရှင်ဘုရား အကြင်အရပ်၌ ပဋိသန္ဓေမနေရ မအိုရ မသေရ မရွေ့လျောရ တဖန် မဖြစ်ရ၊ အရှင်ဘုရား ထိုအရပ်သို့ သွားခြင်းဖြင့် လောက၏အဆုံးကို သိခြင်းငှာရင်း မြင်ခြင်းငှာရင်း ရောက်ခြင်းငှာရင်း တတ်ကောင်းပါသလော' ဟုလျှောက်၏။ **(၃-မှတ်)**(မြန်၊၅၉)

**လက်ခံနိုင်ဖွယ် ရှိ/မရှိ စိစစ်ချက်(အချုပ်)** - ပသေနဒီကောသလမင်းကြီးသည် တစိတ်ချက် ထမင်းကိုစားပြီး မအီမသာ ပင်ပန်းလျက် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ရှိခိုးလျက် တခုသောနေရာ၌ ထိုင်နေသောအခါ မြတ်စွာဘုရားသည် - **(၂-မှတ်)**

'အခါခပ်သိမ်း သတိနှင့်ပြည့်စုံသော၊ ရအပ်သော စားသုံးဖွယ်၌ အတိုင်းအရှည်ကိုသိသော ထိုသူအား ဝေဒနာတို့သည် နည်းပါးကုန်၏၊ (သုံးဆောင်အပ်သော အာဟာရသည်လည်း) အသက်ကို စောင့်သည်ဖြစ်၍ နူးညံ့စွာ ကြေကျက်၏'ဟု **(၃-မှတ်)**

မိန့်တော်မူချက်ကို ထောက်ရှု၍ လက်ခံနိုင်ဖွယ် ရှိသည်။ **(၂-မှတ်)**(မြန်၊၈၁)

## မေးခွန်းနှင့် အဖြေ

၃။ ပညာရှိနှင့်ပညာမဲ့တို့၏ စည်းစိမ်ဥစ္စာရွှေငွေရတနာပိုင်ဆိုင်မှုနှင့်စပ်၍ ခြားနားချက်ကို ပဌမ အပုတ္တကသုတ် အနှစ်ချုပ်စကားရပ်ဖြင့် ရှင်းလင်းတင်ပြ၍၊ လောကလူအပေါင်း၏ သုံးဆောင်ဖွယ် အာမိသအမည်ရသည့် တရားသရုပ်ကို ဆဖဿာယတနသုတ်နှင့်အညီ ထုတ်ပြပါ။

ဖြေ။ ပညာရှိနှင့်ပညာမဲ့တို့၏ စည်းစိမ်ဥစ္စာရွှေငွေရတနာပိုင်ဆိုင်မှုနှင့်စပ်၍ ခြားနားချက်ကို ပဌမ အပုတ္တကသုတ် အနှစ်ချုပ်စကားရပ်ဖြင့် ရှင်းလင်းတင်ပြ၍၊ လောကလူအပေါင်း၏ သုံးဆောင်ဖွယ် အာမိသ အမည်ရသည့်တရားသရုပ်ကို ဆဖဿာယတနသုတ်နှင့်အညီ ထုတ်ပြပါ။

**ခြားနားချက်(အနှစ်ချုပ်)** - လူမရှိရာအရပ်၌ အေးမြသောရေသည် မသောက်အပ်သည် ဖြစ်၍ ခြောက်ခန်းခြင်းသို့ ရောက်သကဲ့သို့၊ (၃-မှတ်)

ထို့အတူ ယုတ်မာသောယောကျ်ားသည် ဥစ္စာကိုရ၍ မိမိသည်မူလည်း မသုံးဆောင်၊ သူတပါးကိုမူလည်း မပေး၊ ထိုဥစ္စာသည် အလိုလို ကုန်းခမ်းခြင်းသို့ ရောက်၏။ (၂-မှတ်)

သိကြားလိမ္မာသောပညာရှိသည် စည်းစိမ်ဥစ္စာကိုရ၍ သုံးဆောင်ခံစား၏၊ ကိစ္စကိုလည်း ပြု၏၊ ထိုပညာရှိသည် ဆွေမျိုးအပေါင်းအား ချီးမြှောက် ထောက်ပံ့ခြင်းကိုပြုလျက် မကဲ့ရဲ့အပ်သည် ဖြစ်၍ ကောင်းမှုပြုသောသူတို့၏တည်ရာဖြစ်သော နတ်ပြည်သို့ရောက်၏။ (၃-မှတ်)(မြန်၊၉၀)

**အာမိသ မည်သည့်တရားသရုပ်** - (က)အလုံးစုံကုန်သော အဆင်း'ရူပါရုံ'၊ (ခ)အသံ 'သဒ္ဒါရုံ'၊ (ဂ)အနံ့ 'ဂန္ဓာရုံ'၊ (ဃ)အရသာ 'ရသာရုံ'၊ (င)အတွေ့ 'ဖောဋ္ဌဗ္ဗာရုံ'၊ (စ)သဘောတရား 'ဓမ္မာရုံ'၊ ဤအာရုံခြောက်ပါးသည် လောက၏ သုံးဆောင်ဖွယ် အာမိသမည်၏။ (၂-မှတ်)(မြန်၊၁၁၁)

## မေးခွန်းနှင့် အဖြေ

၄။ မာရ်နတ်ယုတ်က စာလာ, ဥပစာလာ, သီသူပစာလာ အမည်ရှိရဟန်းမတို့အား မည်သည့်အမေးကိုမေး၍, ညီအမသုံးဖော်တို့က မည်သို့ ဖြေဆိုကြသည်ကို ဖြေ၍၊ ဖြပ္ပာ့ပြည်သို့ ကြွရောက်တော်မူလာသည့် မြတ်ဘုရားအား ဗကဖြပ္ပာကြီးက ကြိုဆိုမှုပြုပြီးနောက် လျှောက်ထားပြောကြားသည့် စကားရပ်များကို ဖြေပါ။

ဖြေ။ မာရ်နတ်ယုတ်က စာလာ, ဥပစာလာ, သီသူပစာလာ အမည်ရှိရဟန်းမတို့အား မည်သည့်အမေးကို မေး၍, ညီအမသုံးဖော်တို့က မည်သို့ ဖြေဆိုကြသည်ကို ဖြေ၍၊ ဖြပ္ပာ့ပြည်သို့ ကြွရောက်တော်မူလာသည့် မြတ်ဘုရားအား ဗကဖြပ္ပာကြီးက ကြိုဆိုမှုပြုပြီးနောက် လျှောက်ထားပြောကြားသည့် စကားရပ်များကို ဖြေပါ။

**အမေး နှင့် အဖြေ** - စာလာဘိက္ခုနီအား 'ရဟန်းမိန်းမ သင်သည် အဘယ်ကို မနှစ်သက်သနည်း' ဟုမေး၍ 'အချင်း မာရ်နတ် ငါသည် ပဋိသန္ဓေနေခြင်းကို မနှစ်သက်'ဟုဖြေ၏။

ဥပစာလာဘိက္ခုနီအား 'ရဟန်းမိန်းမ သင်သည် အဘယ်ဘုံ၌ ဖြစ်ခြင်းငှာ အလိုမရှိပါသနည်း'ဟု မေး၍၊ 'အချင်းမာရ်နတ် ငါသည် တစုံတခုသောဘုံ၌ ဖြစ်ခြင်းငှာ အလိုမရှိ'ဟုဖြေ၏။

သီသူပစာလာဘိက္ခုနီအား 'ရဟန်းမိန်းမ သင်သည် အဘယ်သူ၏အယူကို နှစ်သက်သနည်း'ဟု မေး၍၊ 'အချင်းမာရ်နတ် ငါသည် တစုံတယောက်သောသူ၏အယူကို မနှစ်သက်'ဟုဖြေ၏။

(တစ်ခု ၁-မှတ်စီဖြင့် ၃-မှတ်)(မြန်၊၁၂၈။၁၂၉။၁၃၀)

**ပြောကြားသည့်စကားရပ်** - (က)အချင်း ဤကိုယ်နှင့်တကွသောဖြပ္ပာ့ပြည်သည်ကား မြဲ၏၊ (ခ)ဤကိုယ်နှင့်တကွသောဖြပ္ပာ့ပြည်သည်ကား ခိုင်ခံ့၏၊ (ဂ)ဤကိုယ်နှင့်တကွသော ဖြပ္ပာ့ပြည်သည်ကား အခါခပ်သိမ်းရှိ၏၊ (ဃ)ဤကိုယ်နှင့်တကွသော ဖြပ္ပာ့ပြည်သည်ကား မပြတ်မစဲ တဆက်တည်း တည်၏၊ (င)ဤကိုယ်နှင့်တကွသော ဖြပ္ပာ့ပြည်သည်ကား ရွေ့လျောခြင်းသဘော မရှိ။ မှန်၏ (စ)ဤကိုယ်နှင့်တကွသော ဖြပ္ပာ့ပြည်သည်ကား ပဋိသန္ဓေနေခြင်း မရှိ၊ အိုခြင်း မရှိ၊ သေခြင်းမရှိ၊ ရွေ့လျောခြင်း မရှိ၊ တဖန် ဖြစ်ခြင်း သဘောမရှိ၊ (ဆ)ဤကိုယ်နှင့်တကွသော ဖြပ္ပာ့ ပြည်မှတပါး အခြားလွန်ကဲသော ထွက်မြောက်ရာ မရှိဟု လျှောက်၏။ (၇-မှတ်)(မြန်၊၁၃၉)

## မေးခွန်းနှင့် အဖြေ

၅။ မာန မပြု ရိုသေလေးမြတ် ပူဇော်ရှိခိုးမှု ပြုအပ်သည့် ပုဂ္ဂိုလ်သရုပ်ကို မာနတ္ထဒ္ဓသုတ်အရ အချုပ်မျှ ထုတ်ပြ၍၊ တပ်မက်မှု, အမျက်ထွက်မှု၏ အကြောင်းရင်းနှင့် အသက်ရှင်နေသော်လည်း သူသေနှင့်တူသူကိုလည်း ဖြေပါ။

ဖြေ။ မာန မပြု ရိုသေလေးမြတ် ပူဇော် ရှိခိုးမှု ပြုအပ်သည့် ပုဂ္ဂိုလ်သရုပ်ကို မာနတ္ထဒ္ဓသုတ်အရ အချုပ်မျှ ထုတ်ပြ၍၊ တပ်မက်မှု, အမျက်ထွက်မှု၏ အကြောင်းရင်းနှင့် အသက်ရှင်နေသော်လည်း သူသေနှင့်တူသူကိုလည်း ဖြေပါ။

**ပုဂ္ဂိုလ်သရုပ်** - (က)အမိ၌၎င်း (ခ)အဖ၌၎င်း (ဂ)အစ်ကို၌၎င်း (ဃ)ဆရာ၌၎င်း (ထိုပုဂ္ဂိုလ်တို့၌ မာန်မာနကို မပြုရာ၊ ထိုပုဂ္ဂိုလ်တို့၌ အလေးအမြတ်ပြုရာ၏၊ ထိုပုဂ္ဂိုလ်တို့ကို အရိုအသေပြုအပ်ကုန်ရာ၏၊ ထိုပုဂ္ဂိုလ်တို့ကို ကောင်းစွာပူဇော်အပ်ကုန်ရာ၏)

(င)ပူဇော်အထူးကို ခံတော်မူထိုက်လျက် ငြိမ်းအေးကုန်သော အာသဝကင်း၍ ပြုအပ်ပြီးသော ကိစ္စရှိကုန်သော အတုမဲ့ဖြစ်သည့် <u>ထိုရဟန္တာပုဂ္ဂိုလ်တို့ကို</u> မာန်နှိမ်ချလျက် မခက်ထန်သည်ဖြစ်၍ ရှိခိုးရာ၏။ (၅-မှတ်)(မြန်၊၁၆၉)

**အကြောင်းရင်း** - ဤအတ္တဘောလျှင် အကြောင်းရင်းရှိ၏။ (၂-မှတ်)(မြန်၊၁၉၅)

**သူသေနှင့်တူသူ** - အကြင်သူသည် ဝတ္ထုကာမဂုဏ်တို့ကို စွန့်ပြီးဖြစ်လျက် တဖန် ဤလူ့ဘောင်သို့ ပြန်လည် လူထွက်လာ၏၊ ထိုသူသည် အသက်ရှင်သော်လည်း သူသေနှင့်တူ၏။ (၃-မှတ်)(မြန်၊၁၉၇)

## မေးခွန်းနှင့် အဖြေ

၆။ ဖြစ်ပြီး ဖြစ်ဆဲ သတ္တဝါတို့ တည်နေခြင်းငှာ ချီးမြှောက် ဆောင်တတ်သောသဘော တရားများကို ထုတ်ပြ၍၊ ယင်းသဘောတရားတို့၏ အကြောင်းရင်းကို ရှာဖွေတင်ပြပြီး၊ 'ဓမ္မကထိက' ရဟန်း ဟူသောဝေါဟာရကို ဗုဒ္ဓအလိုကျ စိစစ်ပြပါ။

ဖြေ။ ဖြစ်ပြီး ဖြစ်ဆဲ သတ္တဝါတို့ တည်နေခြင်းငှာ ချီးမြှောက် ဆောင်တတ်သောသဘော တရားများကို ထုတ်ပြ၍၊ ယင်းသဘောတရားတို့၏ အကြောင်းရင်းကို ရှာဖွေတင်ပြပြီး၊ 'ဓမ္မကထိက'ဟူသောဝေါဟာရကို ဗုဒ္ဓအလိုကျ စိစစ်ပြပါ။

**သဘောတရားများ** - (က)ကြမ်းတမ်းသည်ဖြစ်စေ နူးညံ့သည်ဖြစ်စေ အလုတ်အလွေးပြု၍ မျိုအပ်သော 'ကဗဠီကာရအာဟာရ'၊ (ခ)နှစ်ခုမြောက် တွေ့ထိမှု 'ဖဿာဟာရ'၊ (ဂ)သုံးခုမြောက် စိတ်ကိုလှုံ့ဆော်မှု 'မနောသဉ္စေတနာဟာရ'၊ (ဃ)လေးခုမြောက် အထူးသိမှု 'ဝိညာဏာဟာရ'တို့တည်း၊ (၄-မှတ်)

**အကြောင်းရင်း** - ဤလေးပါးသောအာဟာရတို့သည် တပ်မက်မှု တဏှာလျှင် အကြောင်းရှိကုန်၏။ (၂-မှတ်)(မြန်၊၂၃၇)

**ဓမ္မကထိက ရဟန်းဟူသည်** - အိုမှု ဇရာ၊ သေမှု မရဏကို ငြီးငွေ့ရန်၊ တပ်မက်မှု ကင်းရန်၊ ချုပ်ငြိမ်းရန် တရားဟောခဲ့မှု တရားဟောသူ 'ဓမ္မကထိက'ရဟန်းဟူ၍ဆိုခြင်းငှာသင့်၏။ (၄-မှတ်)(မြန်၊၂၄၃)

## မေးခွန်းနှင့် အဖြေ

၇။ ဤကိုယ်သည် သင်တို့၏ ဥစ္စာ, သူတစ်ပါးတို့၏ ဥစ္စာ ဟုတ်/မဟုတ် စိစစ်ချက် ထုတ်ပြ၍၊ ဘေးရန်ငါးပါးတို့၏ သရုပ်ကိုလည်း ဘေးရန်ဖြစ်ပုံနှင့်တကွ အနှစ်ချုပ်ကာ ထုတ်ပြပါ။

ဖြေ။ ဤကိုယ်သည် သင်တို့၏ ဥစ္စာ, သူတစ်ပါးတို့၏ ဥစ္စာ ဟုတ်/မဟုတ် စိစစ်ချက် ထုတ်ပြ၍၊ ဘေးရန်ငါးပါးတို့၏သရုပ်ကိုလည်း ဘေးရန်ဖြစ်ပုံနှင့်တကွ အနှစ်ချုပ်ကာ ထုတ်ပြပါ။

**စိစစ်ချက်** - ဤကိုယ်သည် သင်တို့၏ဥစ္စာ မဟုတ်၊ သူတပါးတို့၏ဥစ္စာလည်း မဟုတ်၊**(၁-မှတ်)**

(က)ရဟန်းတို့ ဤကိုယ်သည် ကံဟောင်းကြောင့် ဖြစ်၏၊ (ခ)အကြောင်းတရားတို့ ပြုစီရင်အပ်သောတရားတည်း၊ (ဂ)စေတနာ ကံလျှင် အရင်းခံရှိ၏၊ (ဃ)ခံစားမှု ဝေဒနာ၏တည်ရာ ဖြစ်၏ဟူ၍ မှတ်အပ်၏။ **(၃-မှတ်)**(မြန်၊၂၈၂)

**ဘေးရန်ငါးပါးသရုပ်** - (က)သူ့အသက်ကို သတ်ခြင်း၊ (ခ)မပေးသည်ကို ခိုးယူခြင်း၊ (ဂ)ကာမတို့၌ မှားသောအားဖြင့်ကျင့်ခြင်း၊ (ဃ)မမှန်သောစကားကို ပြောလေ့ရှိခြင်း၊ (င)သေအရက်ကို သောက်လေ့ရှိခြင်း။ **(၃-မှတ်)**

**ဘေးရန်ဖြစ်ပုံ(အနှစ်ချုပ်)** - သူ့အသက်ကို သတ်ခြင်း၊ မပေးသည်ကိုခိုးယူခြင်း၊ ကာမတို့၌ မှားသောအားဖြင့်ကျင့်ခြင်း၊ မမှန်သောစကားကို ပြောခြင်း၊ သေအရက်ကို သောက်လေ့ရှိခြင်း အကြောင်းကြောင့် (က)မျက်မှောက်၌ဖြစ်သောဘေးရန်သည် ပွားစီး၏၊ (ခ)တမလွန်၌ဖြစ်သော ဘေးရန်သည် ပွားစီး၏၊ (ဂ)စိတ်၌ဖြစ်သော ဆင်းရဲခြင်း နှလုံးမသာခြင်းကိုလည်း ခံစားရ၏၊(ယင်းတို့မှ ရှောင်ကြဉ်သူအား ဤသို့သောဘေးရန်သည် ငြိမ်း၏) **(၃-မှတ်)**(မြန်၊၂၈၅)

## မေးခွန်းနှင့် အဖြေ

၈။ တေဘူမိကတရားတို့အပေါ် သာယာဖွယ်ဟုရှု၍နေသူအား ဖြစ်လာနိုင်သည့် အကျိုး အဆက်ဆက်တို့ကို ထုတ်ပြ၍၊ ပုတ္တမံသူပမသုတ်တော်ဒေသနာအရ ရှုမှတ်ဆင်ခြင်၍ အစားအစာ စားသောက်မှုကြောင့် ရရှိသည့်အကျိုးဆက်ကိုလည်း ဖြေပါ။

ဖြေ။ တေဘူမိကတရားတို့အပေါ် သာယာဖွယ်ဟုရှု၍နေသူအား ဖြစ်လာနိုင်သည့် အကျိုး အဆက်ဆက်တို့ကို ထုတ်ပြ၍၊ ပုတ္တမံသူပမသုတ်တော်ဒေသနာအရ ရှုမှတ်ဆင်ခြင်၍ အစားအစာ စားသောက်မှုကြောင့် ရရှိသည့်အကျိုးဆက်ကိုလည်း ဖြေပါ။

**အကျိုးဆက်အဆက်** - တေဘူမိကတရားတို့၌ သာယာဖွယ်ဟုရှုသည်ဖြစ်၍နေသူအား (က)တပ်မက်မှု တဏှာ ပွား၏၊ (ခ) တပ်မက်မှု တဏှာအကြောင်းခံကြောင့် ပြင်းစွာစွဲလမ်းမှု ဥပါဒါန်ဖြစ်၏၊ (ဂ)ဥပါဒါန်အကြောင်းခံကြောင့် ဘဝဖြစ်၏၊ (ဃ)ဘဝအကြောင်းခံကြောင့် ပဋိသန္ဓေနေမှု ဇာတိဖြစ်၏၊ (င)ဇာတိအကြောင်းခံကြောင့် အိုခြင်း ဇရာ၊ သေခြင်း မရဏ၊ စိုးရိမ်ခြင်း သောက၊ ငိုကြွေးခြင်း ပရိဒေဝ၊ ဆင်းရဲခြင်း ဒုက္ခ၊ နှလုံးမသာခြင်း ဒေါမနဿ၊ ပြင်းစွာပင်ပန်းခြင်း ဥပါယာသ တို့ဖြစ်ကုန်၏၊ ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစုဖြစ်၏။ **(၆-မှတ်)** (မြန်၊၂၉၈)

**အကျိုးဆက်** - ကဗဠီကာရ အာဟာရကို ပိုင်းခြား၍သိသည်ရှိသော် (က)ကာမဂုဏ်ငါးပါး၌ တပ်မက်မှု ကာမရာဂကို ပိုင်းခြားသိနိုင်၏၊ (ခ)ကာမဂုဏ်ငါးပါး၌ တပ်မက်မှု ကာမရာဂကို ပိုင်းခြား၍ သိသည်ရှိသော် အရိယာတပည့်သည် အကြင်ကာမဂုဏ်၌ တပ်မက်နှောင်ဖွဲ့မှု 'ကာမရာဂသံယောဇဉ်'နှင့်ယှဉ်သည်ဖြစ်၍ တဖန် ဤကာမဘုံလောကသို့ လာရောက်၏၊ ထိုနှောင်ဖွဲ့မှု သံယောဇဉ်သည် မရှိ။ **(၄-မှတ်)**(မြန်၊၃၁၀)

## မေးခွန်းနှင့် အဖြေ

၉။ သတ္တဝါအများတို့ မလိုလား မနှစ်သက်သည့် အိုနာသေမှု ဘေးရန်ထုသည် မည်သည့် အကြောင်းကြောင့် ဖြစ်၍, မည်သည်ကြောင့် မဖြစ်သည်တို့ကို အရှင်သာရိပုတ္တရာ ဖြေဆိုသည်နှင့် အညီရေး၍၊ သစ္စာလေးချက် အမှန်အနက်ကို ထိုးထွင်း၍သိရခြင်း၏ အကျိုးကြီးမားလှပုံကို နခသိခါသုတ်လာ ဥပမာဖြင့် ရှင်းပြပါ။

ဖြေ။ သတ္တဝါအများတို့ မလိုလား မနှစ်သက်သည့် အိုနာသေမှု ဘေးရန်ထုသည် မည်သည့် အကြောင်းကြောင့် ဖြစ်၍, မည်သည်ကြောင့် မဖြစ်သည်တို့ကို အရှင်သာရိပုတ္တရာ ဖြေဆိုသည်နှင့်အညီ ရေး၍၊ သစ္စာလေးချက် အမှန်အနက်ကို ထိုးထွင်း၍သိရခြင်း၏ အကျိုးကြီးမားလှပုံကို နခသိခါသုတ်လာ ဥပမာဖြင့် ရှင်းပြပါ။

**မည်သည်ကြောင့် ဖြစ်သည်/ မဖြစ်သည်** - ပဋိသန္ဓေနေမှု အကြောင်းကြောင့် အိုမှု ဇရာ၊ သေမှု မရဏ ဖြစ်၏။ (၂-မှတ်)

အိုမှု သေမှုကို မိမိသည် ပြုအပ်သည် မဟုတ်၊ သူတပါး ပြုအပ်သည် မဟုတ်၊ မိမိသူတပါး နှစ်ဦးသားတို့ ပြုအပ်သည်လည်း မဟုတ်၊ အကြောင်းမဲ့ ဖြစ်သည်လည်း မဟုတ်။(၃-မှတ်)(မြန်၊၃၂၁)

**အကျိုးကြီးမားလှပုံ ဥပမာ** - လက်သည်းဖျား၌ တင်ထားအပ်သော မြေမှုန့် အနည်းငယ်သည် ဤမြေကြီးကိုထောက်ထားလျှင် အစိတ်တရာ စိတ်၍တစိတ်ကိုမျှ မမီနိုင်၊ အစိတ်တထောင်စိတ်၍ တစိတ်ကိုမျှ မမီနိုင်၊ အစိတ်တသိန်းစိတ်၍ တစိတ်ကိုမျှ မမီနိုင်သကဲ့သို့၊ (၂-မှတ်)

ဤအတူ အရိယာတပည့်ဖြစ်သော ဉာဏ်အမြင်နှင့်ပြည့်စုံသော ထိုးထွင်း၍သိပြီးသော ပုဂ္ဂိုလ်အား ကုန်ပြီးဆုံးပြီးသော ဆင်းရဲဒုက္ခသည်သာလျှင် အလွန်များ၏၊ ကြွင်းကျန်သော ဆင်းရဲဒုက္ခသည် အနည်းငယ်သာတည်း။

ခုနစ်ဘဝအတိုင်းအရှည်ရှိသော ဆင်းရဲအစုသည် ရှေး၌ကုန်ဆုံးပြီးသော ဆင်းရဲအစုကို ထောက်ထားလျှင် အစိတ်တရာစိတ်၍ အစိတ်တထောင်စိတ်၍ အစိတ်တသိန်းစိတ်၍ တစိတ်ကိုမျှ မမီနိုင်။ [သင့်လျော်သလို အကျဉ်းချုပ်ဖြေရန်ဖြစ်သည် ] (၃-မှတ်)(မြန်၊၃၃၇)

## မေးခွန်းနှင့် အဖြေ

၁၀။ ကဿပသံယုတ် စန္ဒူပမသုတ်တော်အရ ဒါယကာတို့သို့ ချဉ်းကပ်ရာ၌ ဘုရားရှင် မိန့်ကြား တော်မူသည့် 'လ'ဥပမာပြစကားရပ်ကိုဖြေ၍၊ သဒ္ဓမ္မပဋိရူပကသုတ်တော်အရ သူတော်ကောင်းတရားကွယ်မှု မကွယ်မှုနှင့် စပ်၍ မိန့်ကြားတော်မူအပ်သည်တို့ကို ဥပမာစကားရပ်တို့နှင့်တကွ ဖြေပါ။

ဖြေ။ ကဿပသံယုတ် စန္ဒူပမသုတ်တော်အရ ဒါယကာတို့သို့ ချဉ်းကပ်ရာ၌ ဘုရားရှင် မိန့်ကြား တော်မူသည့် 'လ'ဥပမာပြစကားရပ်ကိုဖြေ၍၊ သဒ္ဓမ္မပဋိရူပကသုတ်တော်အရ သူတော်ကောင်း တရား ကွယ်မှု မကွယ်မှုနှင့်စပ်၍ မိန့်ကြားတော်မူအပ်သည်တို့ကို ဥပမာစကားရပ်တို့နှင့်တကွ ဖြေပါ။

**'လ'ဥပမာပြစကားရပ်** - ရဟန်းတို့ ဥပမာသော်ကား ယောကျ်ားသည် ရေတွင်းဟောင်းကိုဂုဏ်၊ မညီညွတ်သော တောင်ကိုဂုဏ်၊ မြစ်ကမ်းပါးပြတ်ကိုဂုဏ် ကြည့်သည်ရှိသော် ကိုယ်စိတ်ကိုထိန်းချုပ်၍သာ ကြည့်ရာသကဲ့သို့ **(၃-မှတ်)**

ရဟန်းတို့ ဤဥပမာအတူ လနှင့်တူစွာ ကိုယ်စိတ်ကို ထိန်းချုပ်၍သာလျှင် အချင်းခပ်သိမ်း ငြည့်သည်ပမာဖြစ်ကုန်လျက် ကိုယ်နှုတ်စိတ်တို့ဖြင့် ကြမ်းကြုတ်မှု မရှိကုန်ပဲ ဒါယကာတို့သို့ ချဉ်းကပ်ကြကုန်လော့၊ (မြန်၊၃၈၉-၃၉၀)**(၂-မှတ်)**

**ဥပမာ စကားရပ်** - ဥပမာသော်ကား အကြင်မျှလောက်ကာလပတ်လုံး လောက၌ ရွှေအတု မဖြစ်ပေါ်သေး၊ ထိုမျှလောက်ကာလပတ်လုံး ရွှေအစစ် မကွယ်သေး၊ ကဿပ အကြင်အခါ လောက၌ ရွှေတုသည်ဖြစ်ပေါ်လာ၏၊ ထိုအခါ ရွှေအစစ် ကွယ်ခြင်းသည်ဖြစ်ပေါ်၏။ **(၂-မှတ်)**

ဤအတူသာလျှင် အကြင်မျှလောက်ကာလပတ်လုံး သူတော်ကောင်းတရား အတုအယောင် မဖြစ်ပေါ်သေး၊ ထိုမျှလောက် ကာလပတ်လုံး သူတော်ကောင်းတရား မကွယ်သေး၊ အကြင်အခါ၌ လောက၌ သူတော်ကောင်းတရား အတုအယောင် ဖြစ်ပေါ်၏၊ ထိုအခါ သူတော်ကောင်းတရား ကွယ်ခြင်းသည်ဖြစ်၏။ **(၃-မှတ်)**(မြန်၊၄၃၁)

ဒေါက်တာခင်ခင်ရီ
ပရိယတ္တိဖောင်ဒေးရှင်း

ရန်ကုန်မြို့
ဒေါက်တာ ခင်ခင်ရီ ပရိယတ္တိဖောင်ဒေးရှင်းမှ ကြီးမှူးကျင်းပသော
ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ

**အုပ်စု (၄) သံယုတ္တနိကာယ**

**သဂါထာဝဂ္ဂ+နိဒါနဝဂ္ဂ ပါဠိတော် မြန်မာပြန် အဖြေ**

၁၃၇၇-ခုနှစ်၊ ပထမဝါဆိုလဆန်း (၆) ရက်၊ (၂၂. ၆. ၂၀၁၅) တနင်္လာနေ့
ခွင့်ပြုချိန်။ ။၄- နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

၁။ နိုးကြားသည့်တရားတို့၌ အိပ်ပျော်သောတရားများ၊ အိပ်ပျော်သောတရားတို့၌ နိုးကြားသောတရားများကို ထုတ်နုတ် တင်ပြ၍၊ လောက၌ ထောင်လွှားမှုမာနကို လိုလားသူအား မဖြစ်နိုင် မရှိနိုင်သော တရားကို မာနကာမသုတ်အရ ဖော်ပြကာ၊ မယားများစွာတို့တွင် လွန်မြတ်သော မယားကိုလည်း နတ်သားအလိုကျ၊ ဗုဒ္ဓအလိုကျ ခွဲခြားဖော်ခဲ့ပြပါ။

**ဖြေ။ နိုးကြားသည့်တရားတို့၌ အိပ်ပျော်သောတရားများ -**

နီဝရဏငါးမျိုး [ ၂-မှတ် ] (နှာ-၄)

**အိပ်ပျော်သောတရားတို့၌ နိုးကြားသောတရားများ -**

ဣန္ဒြေငါးမျိုး [ ၂-မှတ် ] (နှာ-၄)

**လောက၌ ထောင်လွှားမှုမာနကို လိုလားသူအား မဖြစ်နိုင် မရှိနိုင်သောတရားများ -**

တည်ကြည်မှုနှင့်စပ်သော ဆုံးမကြောင်းတရား [ ၂-မှတ် ] (နှာ-၄)

**မယားများစွာတို့တွင် လွန်မြတ်သောမယား -**

ပို့ပြစ်နုနယ်သော အမျိုးသမီး (နတ်သားအလို) [ ၂-မှတ် ] (နှာ-၆)

လင်ကိုနှစ်သိမ့်စေသောမယား (ဗုဒ္ဓအလို) [ ၂-မှတ် ] (နှာ-၆)

၂။ တော၌ တစ်ယောက်တည်း နေသော်လည်း နိဗ္ဗာန်သောင်ကမ်း တစ်ဖက်ကမ်းသို့ မဆိုက်ရောက်နိုင်သူကို ဖော်ထုတ်ပြ၍၊ တောက်လောင်နေသော လောကထဲမှ ပေးလှူခြင်းဖြင့် ထုတ်ဆောင်အပ်သော ဒါနသည် အဘယ်သို့မည်သည်ကို ဥပမာဆောင် ထင်အောင် ပြဆို၍၊ ဝန်တို စဉ်းလဲ ခြိမ်းခြောက်ပြီး အလှူပေးသူတို့အား အန္တရာယ်ပြုသောသူ၏ ရရှိခံစားရမည့် နောက်ဆက်တွဲဆိုးကျိုးအားလုံးကို မစ္ဆရိယသုတ်အလို ရှောင်ကြဉ်ဖွယ် ဖြစ်အောင် ရေးသားပြခဲ့ပါ။

**ဖြေ။ တော၌တစ်ယောက်တည်းနေသော်လည်း နိဗ္ဗာန်သောင်ကမ်း တစ်ဖက်ကမ်းသို့ မဆိုက်ရောက်နိုင်သူ -**

မေ့လျော့သူ။ [ ၂-မှတ် ](နှာ-၂၇)

**ဥပမာဆောင်ထင်အောင်ပြဆိုပုံ -**

မီးလောင်သောအိမ်၌ အကြင်အိုးခွက်ကို ထုတ်ဆောင်၏။ ထိုအိုးခွက်သည် ထိုထုတ်ဆောင် သောသူ၏ အကျိုးငှါ ဖြစ်သကဲ့သို့ ထိုမီးလောင်သောအိမ်၌ အကြင်အိုးခွက်ကို မထုတ်ဆောင်။ ထိုအိုးခွက်သည် မီးလောင်ခံရသကဲ့သို့ ထို့အတူ လောကသည် အိုခြင်းဖြင့်ရှင်း သေခြင်းဖြင့်ရှင်း တပြောင်ပြောင် တောက်လောင်နေ၏။ ထိုတောက်လောင်နေသောလောကထဲမှ ပေးလှူ ခြင်းဖြင့် ထုတ်ဆောင်အပ်သောဒါနသည် ကောင်းစွာထုတ်ဆောင်ထားပြီးသော ဥစ္စာမည်ပါသည်။ [ ၄-မှတ် ](နှာ-၂၈)

ရရှိခံစားရမည့် နောက်ဆက်တွဲဆိုးကျိုးများ -

ထိုသူတို့သည် ငရဲသို့ဇင်း၊ တိရစ္ဆာန်မျိုးသို့ဇင်း၊ ယမမင်း၏နိုင်ငံသို့ဇင်း ရောက်ရကုန်၏။ အကယ်၍ လူ၏ အဖြစ်ကို ရောက်ကုန်သည်ဖြစ်အံ့၊ ဆင်းရဲသောအမျိုး၌ ဖြစ်ရကုန်၏။

ယင်းအမျိုး၌ အဝတ်ကိုဇင်း၊ ထမင်းကိုဇင်း၊ မေ့လျော့ခြင်းကိုဇင်း၊ ရွှင်မြူးခြင်းကိုဇင်း ပြီပြင်သဖြင့် ရအပ်၏။ သူမိုက်တို့သည် သူတပါးထံမှ ဥစ္စာကို တောင့်တကုန်၏။ ထိုသူတို့အား ဥစ္စာကိုလည်း မရအပ်။ ထိုအကျိုးသည် မျက်မှောက်ဘဝအကျိုးတည်း။ တမလွန်ဘဝ၌ကား မကောင်းသော လားရာဒုဂ္ဂတိဘဝသို့ ရောက်ရ၏။ [ ၄-မှတ် ](နှာ-၃၁)

၃။ အောက်ပါတို့ကို ဖော်ပြပါ။

(က) အိုသည့်တိုင်အောင် ကောင်းသောတရား၊ (ခ) မြေ၌ မှီခိုနေသော သတ္တဝါတို့၏ မှီခိုအသက်မွေးရာ၊ (ဂ) ပုဂ္ဂိုလ်သတ္တဝါ၏ မှီခိုရာတရား၊ (ဃ) ဥပ္ပထသုတ်အလို ရေမဟုတ်သော ဆေးကြောဖွယ်ဖြစ်သော တရား၊ (င) ပုဂ္ဂိုလ်သတ္တဝါကို ဆုံးမသော တရား၊ (စ) ဆေတွာသုတ်အလို ဘုရားရှင် နှစ်သက်တော်မူသော ဖြတ်တောက်သင့်သော တရား၊ (ဆ) ညဥ့်ရောနေ့ပါ ကုန်နေသော အရာ၊ (ဇ) အကျိုးစီးပွားကို အလိုရှိသောသူအနေဖြင့် မပေးရမည့်အရာ၊ (ဈ) မင်းမျိုးတို့ ရှိခိုးသော ဇာတ်အားဖြင့် ယုတ်သော သူ၊ (ည) ရာဇဂြိုဟ်ပြည်ကို ဝိုင်းရံသော တောင်တို့တွင် မြတ်သော တောင်။

ဖြေ။ (က) အိုသည့်တိုင်အောင် ကောင်းသောတရား -

အကျင့်သီလ [ ၁-မှတ် ](နှာ-၃၃)

(ခ) မြေ၌မှီခိုနေသောသတ္တဝါတို့၏ မှီခိုအသက်မွေးရာ -

ရွာချသောမိုး [ ၁-မှတ် ](နှာ-၃၄)

(ဂ) ပုဂ္ဂိုလ်သတ္တဝါ၏ မှီခိုရာတရား -

ကံတရား [ ၁-မှတ် ](နှာ-၃၅)

(ဃ) ဥပ္ပထသုတ်အလို ရေမဟုတ်သော ဆေးကြောဖွယ်ဖြစ်သောတရား -

ကိလေသာကိုပူပန်စေတတ်သောအကျင့် နှင့် မေထုန်မှရှောင်ကြဉ်မှုအကျင့်မြတ်

[ ၁-မှတ် ](နှာ-၃၅)

(င) ပုဂ္ဂိုလ်သတ္တဝါကို ဆုံးမသောတရား -

ပညာ [ ၁-မှတ် ](နှာ-၃၅)

(စ) ဆေတွာသုတ်အလို ဘုရားရှင်နှစ်သက်တော်မူသော ဖြတ်တောက်သင့်သောတရား -

အဆိပ်လျှင်အရင်းအမြစ်ရှိသော ချိုမြိန်ခြင်းလျှင်အဖျားရှိသော အမျက်ဒေါသအား ဖြတ်တောက်ခြင်း

[ ၁-မှတ် ](နှာ-၃၈)

(ဆ) ညဥ့်ရောနေ့ပါ ကုန်နေသောအရာ -

အရွယ် [ ၁-မှတ် ](နှာ-၄၀)

(ဇ) အကျိုးစီးပွားကိုအလိုရှိသောသူအနေဖြင့် မပေးရမည့်အရာ -

မိမိကိုယ်ကို ကျွန်အလို့ငှါ မပေးရာ [ ၁-မှတ် ](နှာ-၄၁)

(ဈ) မင်းမျိုးတို့ရှိခိုးသော ဇာတ်အားဖြင့်ယုတ်သောသူ -

ဇာတ်အားဖြင့်ယုတ်သောရဟန်း [ ၁-မှတ် ](နှာ-၄၂)

(ည) ရာဇဂြိုဟ်ပြည်ကို ဝိုင်းရံသောတောင်တို့တွင် မြတ်သောတောင် -

ဝိပုလတောင် [ ၁-မှတ် ](နှာ-၆၆)

၄။ သူတော်ကောင်းဟု သမုတ်ခံရသော်လည်း "ငါသည် အတုမရှိသော သဗ္ဗညုတဉာဏ်ကို ထိုးထွင်း၍ သိ၏" ဟု ဝန်မခံကြသူများကို အစဉ်အတိုင်း ဖော်ပြ၍၊ ငယ်သော်လည်း မထေမဲ့မြင်မပြုအပ်၊ ပြက်ရယ်မပြုအပ်သော အရာများကိုလည်း မှတ်သားဖွယ် တင်ပြခဲ့ပါ။

**ဖြေ။ "ငါသည် အတုမရှိသောသဗ္ဗညုတဉာဏ်ကို ထိုးထွင်း၍သိ၏" ဟု ဝန်မခံကြသူများ -**

(၁) ပုရာဏကဿပ၊ (၂) မက္ခလိဂေါသာလ၊ (၃) နိဂဏ္ဌနာဋပုတ္တ၊ (၄) ဗေလဋ္ဌ၏သားသိဉ္စည်း၊

(၅) ပကုဓကစ္စာယန၊ (၆) လူတို့၏ဆံပင်ဖြင့်ရက်သောကမ္ဗလာကိုဆောင်သော အဇိတ။

[ ၆-မှတ် ](နှာ-၆၇)

**ငယ်သော်လည်း မထေမဲ့မြင်မပြုအပ် ပြက်ရယ်မပြုအပ် သောအရာများ -**

(၁) မင်းသား၊ (၂) မြွေ၊ (၃) မီး၊ (၄) ရဟန်းငယ်။ [ ၄-မှတ် ](နှာ-၆၇)

၅။ မကောင်းသော စိတ်ရှိသော သတ္တဝါကို ညှဉ်းဆဲဖျက်ဆီးနေသော ကိုယ်တွင်းဖြစ်တရားများကို ဥပမာဆောင် ပေါ်လွင်အောင် ထုတ်ပြ၍၊ ဝိဇယာဘိက္ခုနီမအား ထိတ်လန့်ကြောက်ရွံ့၍ သမာဓိမှ ရွေ့လျော့စေလိုသော ယုတ်မာသော မာရ်နတ်၏ စကားရပ်ကို ဖော်ပြကာ၊ အဘယ်ကဲ့သို့ အဘယ်တရားသည် သူယုတ်ကို ဖျက်ဆီး သည်ကိုလည်း ဖြေဆိုပါ။

**ဖြေ။ မကောင်းသောစိတ်ရှိသောသတ္တဝါကို ညှဉ်းဆဲဖျက်ဆီးနေသော ကိုယ်တွင်းဖြစ်တရားများ -**

အခွံလျှင်အနှစ်ရှိသော (ဝါးပင် ကျူပင် စသော)အပင်ကို မိမိအသီးသည် ညှဉ်းဆဲဖျက်ဆီးသကဲ့သို့ မိမိ ကိုယ်တွင်း၌ဖြစ်ကုန်သော လောဘ ဒေါသ မောဟ တရားတို့သည် မကောင်းသောစိတ်ရှိသောသတ္တဝါကို ညှဉ်းဆဲဖျက်ဆီးနေပါသည်။ [ ၃-မှတ် ](နှာ-၆၉)

**ယုတ်မာသောမာရ်နတ်စကားရပ် -**

အရှင်မ. . . သင်သည် ငယ်သေး၏။ အဆင်းလှ၏။ ငါသည်လည်း ငယ်သေး၏။ ပျိုမြစ်၏။ အရှင်မ လာပါ။ အင်္ဂါငါးပါးရှိသောတူရိယာဖြင့် ငါတို့ မွေ့လျော် ပျော်ပါးပါကုန်အံ့။ [ ၃-မှတ် ] (နှာ-၁၂၇)

--- ငှက်ပျောပင်ကို ငှက်ပျောသီးသည် ဖျက်ဆီးသကဲ့သို့ငှင်း၊ ဝါးပင်ကို ဝါးသီးသည် ဖျက်ဆီးသကဲ့သို့ငှင်း၊ ကျူပင်ကို ကျူသီးသည် ဖျက်ဆီးသကဲ့သို့ငှင်း၊ ကိုယ်ဝန်သည် အဿတိုရ်မြင်းမကို သတ်ဖြတ် ဖျက်ဆီး သကဲ့သို့ငှင်း ပူဇော်သက္ကာရသည် သူယုတ်ကို ဖျက်ဆီး၏။ [ ၄-မှတ် ](နှာ-၁၄၇)

၆။ သိကြားမင်း ပေးသော တာဝန်ကို သုံးကြိမ်တိုင်တိုင် မေ့လျော့နေသော သုသိမနတ်သားအား သိကြားမင်းက ရွဲ့ပြောသော စကားရပ်ကို ဖော်ပြ၍၊ သိကြားမင်း၏ အမည်များကို အဓိပ္ပါယ်မဖက် နာမည်သက်သက်မျှသာ ဖော်ပြခဲ့ပါ။

**ဖြေ။ သုသိမနတ်သားအား သိကြားမင်းက ရွဲ့ပြောသောစကားရပ် -**

သုသိမ. . . အကြင်အရပ်၌ ထကြွမှုမရှိဘဲ အားမထုတ်ဘဲ ချမ်းသာကို ရနိုင်၏။ ထိုအရပ်သို့ သင် သွားလော့။ ငါ့ကိုလည်း ထိုအရပ်သို့သာလျှင် ပို့ပါလော။ [ ၃-မှတ် ](နှာ-၂၀၄)

**သိကြားမင်း၏အမည်များကို အဓိပ္ပါယ်မဖက် နာမည်သက်သက်မျှ -**

မဃဝ၊ ပုရိန္ဒဒ၊ သက္က၊ ဝါသဝ၊ သဟဿက္ခ၊ သုဇမ္ပတိ၊ ဒေဝါနမိန္ဒ။ [ ၇-မှတ် ] (နှာ-၂၁၅)

၇။ သုဓမ္မာသဘင်၌ တာဝတိံသာနတ်တို့အား သိကြာမင်း ဆုံးမသော စကားရပ်ကို အစွယသုတ်အလို ဖော်ပြ၍၊ အိုခြင်း "ဇရာ"၊ သေခြင်း "မရဏ"တို့၏ သဘောတရားကိုလည်း မြင်လွယ်ထင်လွယ်အောင် ရေးသားပြခဲ့ပါ။

**ဖြေ။ သုဓမ္မာသဘင်၌ တာဝတိံသာနတ်တို့အား သိကြာမင်းဆုံးမသောစကားရပ် အစွယသုတ်အလို -**

အမျက်ဒေါသသည် သင်နတ်တို့၏အလိုသို့ မလိုက်ပါစေနဲ့။ သင်နတ်တို့အား အဆွေခင်ပွန်းတို့ဖြင့် မိတ်မပျက်စေလင့်။ မကဲ့ရဲ့ထိုက်သူကို မကဲ့ရဲ့ကြကုန်လင့်။ ကုန်းတိုက်စကားကို မဆိုကြကုန်လင့်။ ထိုသို့ မဟုတ်ခဲ့သော် အမျက်သည် လူယုတ်ကို တောင်ကဲ့သို့ လွှမ်းမိုးနှိပ်နင်းနိုင်၏။ [ ၄-မှတ် ] (နှာ-၂၂၄)

အိုခြင်း "ဇရာ" သေခြင်း "မရဏ"တို့၏ သဘောတရားကိုလည်း မြင်လွယ်ထင်လွယ်အောင် -

ထိုထိုဘုံဘဝ၌ အိုခြင်း အိုသည်၏အဖြစ်၊ သွားကျိုးခြင်း၊ ဆံဖြူခြင်း၊ အရေတွန့်ခြင်း၊ အသက်၏ဆုတ် ယုတ်ခြင်း၊ ဣန္ဒြေတို့၏ရင့်ကျက်ခြင်းဟူသော ဤသဘောတရားကို အိုခြင်း "ဇရာ"ဟု ဆိုအပ်၏။

[ ၃-မှတ် ] (နှာ-၂၇၅)

ထိုထိုသတ္တဝါတို့၏ ထိုထိုဘုံဘဝမှ ရွေ့လျောခြင်း၊ ရွေ့လျောသည်၏အဖြစ် ပျက်ခြင်း၊ ကွယ်ပျောက်ခြင်း၊ အသက်ကိုစွန့်ခြင်း၊ သေခြင်း၊ ဘဝအဆုံးကိုပြုခြင်း၊ ခန္ဓာတို့၏ပျက်ခြင်း၊ ကိုယ်ကောင်ကိုပစ်ချခြင်းဟူသော သဘောကို သေခြင်း "မရဏ"ဟု ဆိုအပ်၏။

[ ၃-မှတ် ] (နှာ-၂၇၅)

၈။ အညတရဗြဟ္မဏသုတ်လာ အစွန်းနှစ်ခုကို ဖော်ပြ၍၊ မဂ္ဂင်ရှစ်ဖော် တရားတော်များသည် ရှေးဘုရားရှင်တို့ ကြွသွားခဲ့သော လမ်းခရီးဟောင်းကြီး ဖြစ်ကြောင်း ဆောင်ကြဉ်းပြခဲ့သော ဘုရားရှင်၏ ဥပမာစကားရပ်ကိုသာ မြင်လွယ်၊ သိလွယ်၊ မှတ်သားလွယ်အောင် ဖော်ပြခဲ့ပါ။

ဖြေ။ **အညတရဗြဟ္မဏသုတ်လာ အစွန်းနှစ်ခု -**

ထိုသူသည် ပြုလုပ်၏။ ထိုပြုလုပ်သူသည် ခံစားအပ်၏ဟူသောအယူ၊

တပါးသောသူသည် ပြုလုပ်၏။ ပြုလုပ်သူမှ တပါးသောသူသည် ခံစား၏ဟူသောအယူ။

[ ၂-မှတ် ] (နှာ-၂၉၁)

ဖြေ။ **ဘုရားရှင်၏ ဥပမာစကားရပ်ကိုသာ မြင်လွယ် သိလွယ် မှတ်သားလွယ်အောင် -**

တောအုပ်ကြီး၌လှည့်လည်သော ယောကျ်ားသည် ရှေးလူတို့သွားအပ်ပြီးသော လမ်းခရီးဟောင်းကို တွေ့မြင်ရာ၏။ ထိုယောကျ်ားသည် ထိုလမ်းခရီးဟောင်းသို့ အစဉ်လိုက်၍ သွားရာ၏။ ထိုသို့သွားသည်ရှိသော် ရှေးလူတို့နေထိုင်ဖူးသော အရံ ဥယျာဉ် တော ရေကန်နှင့်ပြည့်စုံသော တံတိုင်း ပြအိုးဖြင့်ခြံရံအပ်သော မွေ့လျော်ဖွယ်ကောင်းသော မြို့ဟောင်းကို တွေ့မြင်ရာ၏။ ရဟန်းတို့ ထိုအခါ ထိုယောကျ်ားသည် မင်း အားရင်း၊ မင်းအမတ်အားရင်း ပြောကြားရာ၏။ "အရှင် တိုက်တွန်းပါ၏။ သိမှတ်ပါလော။ အကျွန်ုပ်သည် တောအုပ်ကြီး၌ လှည့်လည်သည်ရှိသော် ရှေးလူတို့သွားအပ်ပြီးသော လမ်းခရီးဟောင်းကို တွေ့မြင်ပါ၏။ အကျွန်ုပ်သည် ထိုလမ်းခရီးဟောင်းသို့ အစဉ်လိုက်သွားပါ၏။ ထိုသို့လိုက်သွားသည်ရှိသော် ရှေးလူတို့ နေထိုင်ဖူးသော အရံ ဥယျာဉ် တော ရေကန်နှင့်ပြည့်စုံသော တံတိုင်း ပြအိုးဖြင့်ခြံရံအပ်သော မွေ့လျော်ဖွယ်ကောင်းသော မင်းနေပြည်ဟောင်းဖြစ်သော မြို့ဟောင်းကို တွေ့မြင်ပါ၏။ အရှင် ထိုမြို့ ဟောင်းကို မြို့(သစ်) ဖန်ဆင်းတော်မူပါလော"ဟု ပြောကြားရာ၏။ ရဟန်းတို့ ထိုအခါ မင်းသည်ရင်း မင်းအမတ်သည်ရင်း ထိုမြို့ဟောင်းကို မြို့(သစ်) ဖန်ဆင်းရာ၏။ ထိုမင်း၏မြို့သည် နောင်အခါ စည်ပင် ဝပြော၏။ များစွာသောလူတို့ သိအပ်၏။ လူတို့ဖြင့် ပြွမ်း၏။ ကြီးကျယ်ပြန့်ပြောခြင်းသို့ ရောက်၏။

[ ၈-မှတ် ] (နှာ-၃၁၅)

၉။ "ဓာတ်အမျိုးမျိုးကို စွဲ၍ ဖဿအမျိုးမျိုး ဖြစ်၏"ဟု ဆိုရာ၌ ယူရမည့် ဓာတ်တို့ကို ဖော်ပြ၍၊ သတ္တဝါတို့သည် အဘယ်အားဖြင့်သာလျှင် တပေါင်းတည်း တသားတည်း ဖြစ်ကြသည်ကိုလည်း ဥပမာနှင့်တကွ တင်စား၍ ဖော်ပြခဲ့ပါ။

ဖြေ။ **ဓာတ်အမျိုးမျိုးကို စွဲ၍ ဖဿအမျိုးမျိုး ဖြစ်၏ဟုဆိုရာ၌ ယူရမည့်ဓာတ်တို့ -**

စက္ခုဓာတ်၊ သောတဓာတ်၊ ဃာနဓာတ်၊ ဇိဝှါဓာတ်၊ ကာယဓာတ်၊ မနောဓာတ်။

[ ၆-မှတ် ] (နှာ-၃၄၃)

ဥပမာနှင့်တကွ တင်စားပုံ -

မစင်ကျင်ကြီးသည် မစင်ကျင်ကြီးနှင့် တပေါင်းတည်း တသားတည်း ဖြစ်၏။ ကျင်ငယ်သည် ကျင်ငယ်နှင့် တပေါင်းတည်း တသားတည်း ဖြစ်၏။ တံတွေးသည် တံတွေးနှင့် တပေါင်းတည်း တသားတည်း ဖြစ်၏။ ပြည်သည် ပြည်နှင့် တပေါင်းတည်း တသားတည်း ဖြစ်၏။ သွေးသည် သွေးနှင့် တပေါင်းတည်း တသားတည်း ဖြစ်၏။ ဤအတူသာလျှင် သတ္တဝါတို့သည် ဓာတ်အားဖြင့် တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏။

[ ၄-မှတ် ] (နှာ-၃၅၅)

၁၀။ ဝေပုလ္လတောင်၏ ရှေးဟောင်းအမည်များကို ဖော်ပြ၍၊ ဗဟုပုတ္တစေတီ၌ နေတော်မူသော မြတ်စွာဘုရားကို မြင်၍ ဖြစ်ပေါ်လာသော အရှင်မဟာကဿပမထေရ်၏ အကြံတော်ကို ဖော်ပြကာ၊ သူတစ်ပါးကိုသာ ပြောတတ်၍ မိမိကိုကျ အပြောမခံနိုင်သော တိဿမထေရ်အား မြတ်စွာဘုရားရှင် ဆုံးမပုံကိုလည်း ဂါထာမဖက် စုဏ္ဏိယ စကားသက်သက်ကိုသာ ဖော်ပြခဲ့ပါ။

၁၀။ **ဝေပုလ္လတောင်၏ ရှေးဟောင်းအမည်များ -**

ပါစီနဝံသတောင်၊ ဝင်္ကကတောင်၊ သုပဿတောင်။ [ ၃-မှတ် ] (နှာ-၃၈၄/၅)

**အရှင်မဟာကဿပမထေရ်၏အကြံတော် -**

ငါသည် ဆုံးမတတ်သူကို တွေ့မြင်လိုသည်ဖြစ်ခဲ့မူ ဤမြတ်စွာဘုရားကိုသာလျှင် စင်စစ်တွေ့မြင်ရာ၏။ ငါသည် ကောင်းသောလာခြင်းရှိသူကို တွေ့မြင်လိုသည်ဖြစ်ခဲ့မူ ဤမြတ်စွာဘုရားကိုသာလျှင် စင်စစ်တွေ့မြင် ရာ၏။ ငါသည် (အလုံးစုံသောတရားတို့ကို) ကိုယ်တိုင်သိသူကို တွေ့မြင်လိုသည်ဖြစ်ခဲ့မူ ဤမြတ်စွာဘုရားကို သာလျှင် စင်စစ်တွေ့မြင်ရာ၏။ [ ၃-မှတ် ] (နှာ-၄၀၉)

**တိဿမထေရ်အား မြတ်စွာဘုရားရှင်၏ဆုံးမပုံ -**

တိဿ. . . သင်သည် သူတပါးကိုသာ ပြောတတ်၍ အပြောမခံနိုင်။ တိဿ. . . သူတပါးကိုသာ ပြောတတ်၍ အပြောမခံနိုင်ခြင်းသည် ယုံကြည်မှုသဒ္ဓါတရားဖြင့် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ရဟန်းပြုသော အမျိုးကောင်းသားဖြစ်သော သင့်အား မလျောက်ပတ်။ တိဿ. . . သူတပါးကိုလည်း ပြော၍ အပြောခံနိုင်ခြင်းသည်သာ ယုံကြည်မှုသဒ္ဓါတရားဖြင့် ရဟန်းဘောင်သို့ ဝင်ရောက်ရဟန်းပြုသော အမျိုးကောင်းသား ဖြစ်သော သင့်အား လျောက်ပတ်၏။ [ ၄-မှတ် ] (နှာ-၄၅၈)

ရန်ကုန်မြို့
ဒေါက်တာ ခင်ခင်ရီ ပရိယတ္တိဖောင်ဒေးရှင်းမှ ကြီးမှူးကျင်းပသော
ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ

## အုပ်စု (၄) သံယုတ္တနိကာယ

## သဂါထာဝဂ္ဂ+နိဒါနဝဂ္ဂ ပါဠိတော် မြန်မာပြန် မေးခွန်း နှင့် အဖြေ

၁၃၇၈-ခုနှစ်၊ နယုန်လပြည့်ကျော် (၁) ရက်၊ (၂၁. ၆. ၂၀၁၆) အင်္ဂါနေ့
ခွင့်ပြုချိန်။ ။၄- နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

**မေး၁။** သူတော်ကောင်းတရားကို ပြောဟော၍ နတ်ပြည်၌ ဖြစ်ကုန်သော နတ်များစွာတို့ ဘုရားရှင်ထံ ချဉ်းကပ်၍ ဥဒါန်းစကား လျှောက်ထားမှုများမှ ရှေ့ဆုံးနတ်သားနှစ်ဦးတို့၏ လျှောက်ထားချက်ကို ရေး၍၊ ညဥ့်နေ့ အခါခပ်သိမ်း ကောင်းမှုတိုးပွား နတ်ပြည်သွားမည့်သူများကို ဝနရောပသုတ်အရ ထုတ်ဖော်ပြပါ။

**ဖြေ။ ရှေ့ဆုံးနတ်သားနှစ်ဦးတို့၏လျှောက်ထားချက် - ပဌမနတ်သား = အရှင် ပေးလှူခြင်းသည် စင်စစ် ကောင်းပေ၏၊ ဝန်တိုမှု'မစ္ဆေရ'ကြောင့်၎င်း၊ မေ့လျော့မှု'ပမာဒ'ကြောင့်၎င်း၊ ဤသို့သော အကြောင်းကြောင့် အလှူဒါနကို မပေးလှူနိုင်၊ ကောင်းမှုကို အလိုရှိသော (ကောင်းမှု၏အကျိုးကို) သိသော ပညာရှိသာ ပေးလှူနိုင်၏ ဟု ဥဒါန်းကျူးပါသည်။ (၃-မှတ်)**

ဒုတိယနတ်သား = အရှင် ပေးလှူခြင်းသည် စင်စစ်ကောင်းပေ၏၊ စင်စစ်သော်ကား အနည်းငယ်မျှသော်လည်း ပေးလှူခြင်းသည် ကောင်း၏၊ အချို့သူတို့သည် အနည်းငယ်မျှသော လှူဖွယ်၌သော်လည်း ခွဲခြမ်းဝေဖန်၍ ပေးလှူကုန်၏၊ ဥစ္စာများစွာနှင့်ပြည်စုံသူအချို့တို့သည် ခွဲခြမ်းဝေဖန်၍ မပေးလှူကုန်၊ အနည်းငယ်မျှသော ပေးလှူဖွယ်တို့၌ ခွဲခြမ်းဝေဖန်၍ ပေးလှူအပ်သော အလှူကို အလှူတထောင်နှင့်အမျှ နှိုင်းယှဉ်အပ်၏ ဟု ဥဒါန်းကျူးပါသည်။ **(၃-မှတ်)** (မြန်၊၁၉။ ပိုဒ်၊၃၃)

**မှတ်ချက်။** ဤသို့သော အဓိပ္ပာယ်ရှိသည့် စကားမျိုးဖြင့် ဖြေဆိုက အမှတ်ပြည့်ပေးရန်။

**ညဥ့်နေ့ အခါခပ်သိမ်း ကောင်းမှုတိုးပွား နတ်ပြည်သွားမည့်သူများ** - (က)သစ်သီးဥယျာဉ် ပန်းဥယျာဉ် စိုက်ပျိုးသူ၊ (ခ)တောသစ်ပင် စိုက်ပျိုးသူ၊ (ဂ)တံတားခင်းသူ၊ (ဃ)ရေအိုးစင်၊ (င)ရေတွင်း၊ (စ)နေရာကျောင်း လှူဒါန်းသူတို့ဖြစ်ပါသည်။ (၄-မှတ်) (မြန်၊၃၀။ ပိုဒ်၊၄၇)

**မေး၂။ အောက်ပါတို့ကို ဖြေဆိုပါ။**

(က) လောကသည် အဘယ်အရာကို အကြောင်းပြု၍ ဖြစ်ပါသနည်း?
(ခ) အဘယ်အရာသည် လောကကို နှိပ်စက်ပါသနည်း?
(ဂ) အဘယ်အရာသည် ပုဂ္ဂိုလ်သတ္တဝါကို ဆွဲငင်ပါသနည်း?
(ဃ) ရာဟုအသူရိန် လနတ်သားကို ဖမ်းယူအပ်ရာအခါ၌ မြတ်စွာဘုရားကို အောက်မေ့လျက် လနတ်သား ရွတ်ဆိုအပ်သော စကားရပ်ကို ရေးပြပါ။

ဖြေ။ (က) လောကသည် အဇ္ဈတ္တိကာယတနခြောက်ပါးတို့ကိုသာ အကြောင်းပြု၍ ဖြစ်၏။
(ခ) အဇ္ဈတ္တိကာယတနခြောက်ပါးတို့သည် လောကကို နှိပ်စက်အပ်၏။ (မြန်၊၃၈။ ပိုဒ်၊၇၀)
(ဂ) အလိုရမ္မက်သည် ပုဂ္ဂိုလ်သတ္တဝါကို ဆွဲငင်၏။ (၂)မှတ်စီ ၆-မှတ်(မြန်၊၄၁။ ပိုဒ်၊၇၉)
(ဃ) ကြီးသောလုံ့လရှိတော်မူသောမြတ်စွာဘုရား အရှင်ဘုရားအား ရှိခိုးခြင်းသည် ဖြစ်ပါစေသတည်း၊ အရှင်ဘုရားသည် အလုံးစုံသော ခန္ဓာ အာယတန စသည်တို့၌ လွတ်မြောက်တော်မူ၏၊ အကျွန်ုပ်သည် ကျဉ်းမြောင်းခြင်းသို့ရောက်နေပါ၏၊ အရှင်ဘုရားသည် ထိုအကျွန်ုပ်တို့၏ ကိုးကွယ်ရာ ဖြစ်တော်မူပါလော့ ဟုရွတ်ဆိုပါသည်။ (၄-မှတ်) (မြန်၊၄၇။ ပိုဒ်၊၉၀)

**မေး၃။** ညဥ့်နေ့တို့ပတ်လုံး မပျင်းရိသည် ဖြစ်၍ သံသရာတည်းဟူသော အယဉ်ကို ကူးသူကို စန္ဒနသုတ်တော်အရ ဖော်ပြ၍၊ မိမိကိုယ်ကို စောင့်ရှောက်သောသူဟု ဆိုထိုက်သူတို့ကို အတ္တရက္ခိတသုတ်တော်အရ အနှစ်ချုပ် ထုတ်ပြပါ။

**ဖြေ။ သံသရာတည်းဟူသော အယဉ်ကို ကူးသူဟူသည်** - အခါခပ်သိမ်း သီလနှင့်ပြည့်စုံ၏၊ ပညာရှိ၏၊ ကောင်းစွာ တည်ကြည်၏၊ ထက်သန်သော လုံ့လဝီရိယရှိ၏၊ နိဗ္ဗာန်သို့စေလွှတ်ထားသော စိတ်ရှိ၏၊ ထိုသူသည် သံသရာတည်းဟူသော အယဉ်ကို ကူးမြောက်သူဖြစ်ပါသည်။ **(၅-မှတ်)** (မြန်၊၅၀။ ပိုဒ်၊၉၆)

**အတ္တရက္ခိတသုတ်တော်အရ အနှစ်ချုပ် မိမိကိုယ်ကို စောင့်ရှောက်သောသူ** -

ကိုယ်ဖြင့်စောင့်စည်းသူ၊ နှုတ်ဖြင့်စောင့်စည်းသူ၊ စိတ်ဖြင့်စောင့်စည်းသူ၊ အလုံးစုံတို့၌ စောင့်စည်းသော ရှက်ခြင်းရှိသောသူကို မိမိကိုယ်ကို စောင့်ရှောက်သောသူဟုဆိုထိုက်ပါသည်။

(အနှစ်ချုပ်ဖြေဆိုထားခြင်းဖြစ်သည်) **(၅-မှတ်)** (မြန်၊၇၃။ ပိုဒ်၊၁၁၆)

**မေး၄။** မြတ်စွာဘုရား ဥရုဝေလတော နေရဥ္စရာမြစ်ကမ်း အဇပါလညောင်ပင်ရင်း သီတင်းသုံးတော်မူစဉ် ဖြစ်ပေါ်လာသည့် စိတ်အကြံတော်ကို ရေး၍၊ ယင်းစိတ်အကြံကို သိ၍ မာရ်နတ်ယုတ်က မြတ်စွာဘုရားထံ ချဉ်းကပ် ရွတ်ဆိုသည့် စကားရပ်ကို မာရသံယုတ် တပေါကမ္မသုတ်အရ ဖော်ပြခဲ့ပါ။

**ဖြေ။ အဇပါလညောင်ပင်ရင်းသီတင်းသုံးစဉ် ဖြစ်ပေါ်လာသည့် စိတ်အကြံတော်** -

ပြုနိုင်ခဲသောအကျင့်ကို ကျင့်ခြင်းမှ ငါသည် လွတ်မြောက်ပြီတကား၊ အကျိုးမဲ့နှင့်စပ်သော ထိုပြုနိုင်ခဲသော အကျင့်ကို ကျင့်ခြင်းမှ လွတ်မြောက်ခြင်းသည် ကောင်းစွတကား၊ ကိလေသာတို့မှ လွတ်မြောက်၍ သဗ္ဗညုတဉာဏ်ကို ကောင်းစွာရခြင်းဖြစ်သည်ကား ကောင်းစွတကား ဟု စိတ်အကြံတော်ဖြစ်ပါသည်။ **(၅-မှတ်)**

**မြတ်ဘုရားထံချဉ်းကပ် ရွတ်ဆိုသည့်စကားရပ်** - သတ္တဝါတို့သည် ခေါင်းပါးသောအကျင့်မှ ဖဲကုန်သော ကြောင့် မစင်ကြယ်ကြကုန်၊ သင်သည် မစင်ကြယ်ပဲလျက် စင်ကြယ်၏ဟူ၍ မှတ်ထင်ဘိ၏၊ စင်ကြယ်သော ခရီးမှ လွဲချော်လေစွတကားဟု ရွတ်ဆိုပါသည်။ **(၅-မှတ်)** (မြန်၊၁၀၁။ ပိုဒ်၊၁၃၇)

**မေး၅။** မာရ်နတ်၏ သမီးတော်သုံးဖော်အမည်တို့ကို ရေး၍၊ ဝိဇယာဘိက္ခုနီမထံ ချဉ်းကပ်လာသော မာရ်နတ်၏ ယုတ်မာသော ရည်ရွယ်ချက်တို့ကို ရေးပြီး၊ သတ္တဝါဟူ၍ သမုတ်ခြင်းဖြစ်ပုံကို ဝဇိရာဘိက္ခုနီဆိုသည့် အတိုင်း ဥပမာပြ၍ရေးပြပါ။

**ဖြေ။ မာရ်နတ်၏ သမီးတော်သုံးဖော်အမည်** - (က)တဏှာ၊ (ခ)အရတိ၊ (ဂ)ရဂါ။

**(၃-မှတ်)** (မြန်၊၁၂၃။ ပိုဒ်၊၁၆၁)

**ရည်ရွယ်ချက်များ** - ဝိဇယာဘိက္ခုနီအား ကြောက်ခြင်း၊ ထိတ်လန့်ခြင်း၊ ကြက်သီးမွေးညင်း ထခြင်းကို ဖြစ်စေလို၍လည်းကောင်း၊ တည်ကြည်ခြင်း သမာဓိမှ ရွေ့လျော့စေလို၍လည်းကောင်း၊ ချဉ်းကပ်ပါသည်။ **(၃-မှတ်)** (မြန်၊၁၂၇။ ပိုဒ်၊၁၆၅)

**ဝဇိရာဘိက္ခုနီ ဆိုသည့်အတိုင်း** - အစိတ်အပိုင်း အဆောက်အဦးရှိသောကြောင့် ရထားဟူ၍ ခေါ်ဝေါ်ပြောဆိုသောအသံသည် ဖြစ်သကဲ့သို့၊ **(၂-မှတ်)**

ထို့အတူ ခန္ဓာငါးပါးတို့ ထင်ရှားကုန်လတ်သော် သတ္တဝါဟူ၍ သမုတ်ခြင်း ဖြစ်ပါသည်။

**(၂-မှတ်)**. (မြန်၊၁၃၁။ ပိုဒ်၊၁၇၁)

**မေး၆။** ဗကဗြဟ္မာအား ယုတ်ညံ့သော အယူ ဖြစ်ပေါ်လာပုံကို ရေးပြ၍၊ ခေနုညာနိဗ္ဗာန်ကြောင်းမ၏ ကျူးရင့်သော ဥဒါန်းစကားကို သင်နားလည်သလို ရေးပြပြီး၊ အဘယ်ကို ဖြစ်တောက်သော် ချမ်းသာစွာ နေရသနည်းဟူသော အမေး၏ အဖြေကိုလည်း ဖော်ပြခဲ့ပါ။

**ဖြေ။ ယုတ်ညံ့သောအယူဖြစ်ပေါ်လာပုံ** - ဤကိုယ်နှင့်တကွသောဗြဟ္မာ့ပြည်သည်ကား မြဲ၏၊ ဤကိုယ်နှင့် တကွသောဗြဟ္မာ့ပြည်သည်ကား ခိုင်ခံ့၏၊ ဤကိုယ်နှင့်တကွသောဗြဟ္မာ့ပြည်သည်ကား အခါခပ်သိမ်းရှိ၏၊

ဤကိုယ်နှင့်တကွသော ဖြဟ္မာ့ပြည်သည်ကား မပြတ်မစဲ တဆက်ဆည်းတည်၏၊ ဤကိုယ်နှင့်တကွသော ဖြဟ္မာ့ပြည်သည်ကား ရွေ့လျော်ခြင်းသဘောမရှိ။ မှန်၏ ဤကိုယ်နှင့်တကွသော. ဖြဟ္မာ့ပြည်သည်ကား ပဋိသန္ဓေနေခြင်း မရှိ၊ အိုခြင်း မရှိ၊ သေခြင်း မရှိ၊ ရွေ့လျောခြင်း မရှိ၊ တဖန် ဖြစ်ခြင်းသဘော မရှိ၊ ဤကိုယ်နှင့် တကွသော ဖြဟ္မာ့ပြည်မှတပါး အခြား လွန်ကဲသော လွတ်မြောက်ရာ မရှိဟု ဖြစ်ပါသည်

(၆-မှတ်) (မြန်၊၁၃၈။ ပိုဒ်၊၁၇၅)

**ကျူးရင့်သောဥဒါန်းစကား** - နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ သုံးကြိမ်ဥဒါန်းကျူးရင့်ပါသည်။ (၂-မှတ်)

**အဘယ်ကို ဖြတ်တောက်သော် ချမ်းသာစွာနေရသနည်း** - အမျက်ဒေါသကို ဖြတ်တောက်သော် ချမ်းသာစွာနေရပါသည်။ (၂-မှတ်) (မြန်၊၁၅၃။ ပိုဒ်၊၁၈၇)

**မေး၇။** (က)အရှင်ဝင်္ဂီသ၏ ဥပဇ္ဈာယ်ဆရာ၊ (ခ)သီတင်းသုံးသည့် နေရပ် ဌာန၊ (ဂ) အရှင်ဝင်္ဂီသ၏ တောင်းပန်မှုကြောင့် အရှင်အာနန္ဒာ မိန့်ကြားတော်မူသည့် ရာဂငြိမ်းကြောင်းတရားကို ဖော်ပြခဲ့ပါ။

**ဖြေ။** (က) အရှင်နိဂြောဓကပ္ပ မည်သောဥပဇ္ဈာယ်ဆရာ၊ (၂-မှတ်)

(ခ) အာဠဝီပြည်၊ အဂ္ဂါဠဝစေတီကျောင်း၌ အတူသီတင်းသုံးကြပါသည်။(၂-မှတ်)(မြန်၊၁၇၇။ ပိုဒ်၊၂၁၁)

(ဂ) သညာဖောက်ပြန်ခြင်းကြောင့် သင်၏စိတ်သည် ထက်ဝန်းကျင်မှ လောင်မြိုက်ခံနေရ၏၊ တင့်တယ်၏ ဟူသော ရာဂနှင့်စပ်သော အမှတ်နိမိတ်ကို ကြဉ်ဘိလော့၊

သင်္ခါရတရားတို့ကို အနိစ္စအားဖြင့် ရှုလော့၊ ဒုက္ခအားဖြင့် ရှုလော့၊ အတ္တအားဖြင့် မရှုလင့်၊ ပြင်းစွာ တပ်မက်မှု 'ရာဂ'ကို ငြိမ်းစေလော့၊ အဖန်တလဲလဲ မလောင်မြိုက်စေလင့်၊ (၃-မှတ်)

တင့်တယ်သောသဘောဖြင့် စိတ်ကိုပွားလော့၊ တခုတည်းသောအာရုံရှိသော တည်ကြည်မှု'သမာဓိ' ကို ပွားစေလော့၊ ကိုယ်အစု၌ဖြစ်သော သတိကို ဖြစ်စေလော့၊ ရာဂ၌ငြီးငွေ့မှုများသူ ဖြစ်ပါလေလော့၊

နိမိတ်ကင်းသောအားဖြင့် ဝိပဿနာကိုလည်း ပွားများလော့၊ ကိန်းအောင်နေသော ထောင်လွှားမှု'မာန'ကို ပယ်စွန့်လော့၊ ထိုထောင်လွှားမှု'မာန'ကို ပယ်စွန့်ခြင်းကြောင့် ရာဂစသည်မှ ငြိမ်းသည်ဖြစ်၍ လှည့်လည်ရလတ့်ဟုမိန့်တော်မူပါသည်။ (၃-မှတ်) (မြန်၊၁၇၈။ ပိုဒ်၊၂၁၂)

**မှတ်ချက်။** ဖော်ပြပါ အချက်များ ခြုံငုံမိပါက ထပ်တူမကျလည်း အမှတ်ပေးပါရန်။

**မေး၈။** မဏိဘဒ္ဒမည်သော ဘီလူး မြတ်ဘုရားထံ ချဉ်းကပ် လျှောက်ထားသည့် စကားရပ်ကို ရေးပြ၍၊ နေ့သန့်စင်ရာသို့ ကိန်းအောင်းတော်မူသည့် ဘုရားရှင့်အထံ ဝေရောစနအသုရိန်နှင့် နတ်တို့အရှင် သိကြားမင်းတို့ ရွတ်ဆို လျှောက်ထားသည့် 'ပဋမ'စကားရပ်များကို ရေးသား ဖော်ပြခဲ့ပါ။

**ဖြေ။ မဏိဘဒ္ဒ ဘီလူးလျှောက်ထားသည့်စကားရပ်** - သတိရှိသောသူအား အခါခပ်သိမ်း ကောင်းမြတ်၏၊ သတိရှိသောသူသည် ချမ်းသာကို ရ၏၊ သတိရှိသောသူအား အမြဲသာလျှင် မြတ်၏၊ ရန်မှလည်း လွတ်၏ ဟုလျှောက်ပါသည်။ (၄-မှတ်) (မြန်၊၁၉၆။ ပိုဒ်၊၂၃၈)

**ဝေရောစနအသုရိန်သည်** - ယောကျ်ားသည် အကျိုးကိစ္စပြီးသည်တိုင်အောင် အားထုတ်အပ်သည်သာလျှင်တည်း၊ အကျိုးကိစ္စသည် ပြီးမြောက်မှုသာလျှင် တင့်တယ်၏၊ ဤစကားသည် ဝေရောစနအသုရိန်၏စကားတည်းဟု လျှောက်ထားပါသည်။ (၃-မှတ်)

**နတ်တို့အရှင် သိကြားမင်းသည်** - ယောကျ်ားသည် အကျိုးကိစ္စပြီးသည်တိုင်အောင် အားထုတ်အပ်သည်သာလျှင်တည်း၊ အကျိုးကိစ္စသည် ပြီးမြောက်သည်သာလျှင် တင့်တယ်၏၊ သည်းခံခြင်းထက် လွန်ကဲသောအကျိုးကား မရှိ၊ ဤစကားသည် သိကြားမင်း၏စကားတည်းဟု လျှောက်ထားပါသည်။

(၃-မှတ်) (မြန်၊၂၁၂။ ပိုဒ်၊၂၅၄)

**မေး၉။** ကောဓဘက္ခအမည်ရှိသော နတ်၏ ဖြစ်ပုံထူးခြားချက်ကို ဖော်ပြ၍၊ ပြုစီရင်မှု'သင်္ခါရ'သုံးမျိုးကို ဖော်ပြပြီး၊ ဉာဏ်၏တည်ရာ'ဉာဏဝတ္ထု'သရုပ်ကို သင်္ချာမျှ ထုတ်ပြလျက်၊ ဇရာ မရဏ ချုပ်ရာသို့ ရောက်ကြောင်း အကျင့်ကောင်းကိုလည်း သင်္ချာမျှ ဖော်ပြခဲ့ပါ။

**ဖြေ။ ကောဓဘက္ခနတ်၏ဖြစ်ပုံထူးခြားချက် -** ရုပ်ဆင်းမလှ ပုက္ကသော နတ်သားတယောက်သည် နတ်တို့အရှင် သိကြားမင်း၏နေရာ၌ ထိုင်နေ၏၊ ထိုအခါ တာဝတိံသာနတ်တို့သည် အချင်းတို့ အံ့ဖွယ်ဖြစ်စွတကား၊ အချင်းတို့ မဖြစ်ဘူးမြဲ ဖြစ်စွတကား၊ ရုပ်ဆင်းမလှ ပုက္ကသော ဤနတ်သည် နတ်တို့အရှင် သိကြားမင်း၏ နေရာ၌ ထိုင်နေဘိ၏ ဟုကဲ့ရဲ့ကုန် ရှုတ်ချကုန် ပြစ်တင်ပြောဆိုကုန်၏၊ တာဝတိံသာနတ်တို့ ကဲ့ရဲ့တိုင်း ရှုတ်ချတိုင်း အပြစ်ပြောဆိုတိုင်း ထိုနတ်သားသည် ပို၍ အဆင်းလှလာ၊ ပို၍ ရှုချင်ဖွယ်ရှိလာ၊ ပို၍ ကြည်ညိုဖွယ်ရှိလာသောနတ်သည် ကောဓဘက္ခအမည်ရှိသော နတ်ဖြစ်ပါသည်။

**(၃-မှတ်)** (မြန်၊၂၂၃။ ပိုဒ်၊၂၆၈)

**ပြုစီရင်မှု'သင်္ခါရ'သုံးမျိုး -** ကိုယ်ဖြင့်ပြုစီရင်မှု'ကာယသင်္ခါရ'၊ နှုတ်ဖြင့် ပြုစီရင်မှု'ဝစီသင်္ခါရ'၊ စိတ်ဖြင့် ပြုစီရင်မှု'စိတ္တသင်္ခါရ'တို့ဖြစ်ကြပါသည်။ **(၃-မှတ်)** (မြန်၊၂၆၅။ ပိုဒ်၊၂၈)

**ဉာဏ်၏တည်ရာ'ဉာဏဝတ္ထု'သရုပ်သင်္ချာ -** လေးဆယ့်လေးပါး ဖြစ်ပါသည်။ **(၂-မှတ်)**

**ဇရာ မရဏ ချုပ်ရာသို့ရောက်ကြောင်းအကျင့်ကောင်း သင်္ချာ-** အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ဖြစ်ပါသည်။ **(၂-မှတ်)** (မြန်၊၂၇၅။ ပိုဒ်၊၃၃)

**မေး၁၀။** ဓာတ်အမျိုးမျိုးတို့ကို သရုပ်အားဖြင့် ရေတွက်ပြ၍၊ အရှင်မဟာကဿပသည် အကျိုးထူးနှစ်ပါးတို့ကို ကောင်းစွာ မြင်သည်ဖြစ်၍ ဓုတင်ဆောက်တည်ခဲ့ပါသည်ဟု ဆိုရာ အကျိုးထူးနှစ်ပါးသရုပ်ကို သိသာရုံလိုရင်းချုပ်၍ ထုတ်ပြခဲ့ပါ။

**ဖြေ။ ဓာတ်အမျိုးမျိုးသရုပ် -** စက္ခုဓာတ်၊ ရူပဓာတ်၊ စက္ခုဝိညာဏဓာတ်။ သောတဓာတ်၊ သဒ္ဒဓာတ်၊ သောတဝိညာဏဓာတ်။ ဃာနဓာတ်၊ ဂန္ဓဓာတ်၊ ဃာနဝိညာဏဓာတ်။ ဇိဝှါဓာတ်၊ ရသဓာတ်၊ ဇိဝှါဝိညာဏဓာတ်။ ကာယဓာတ်၊ ဖောဋ္ဌဗ္ဗဓာတ်၊ ကာယဝိညာဏဓာတ်။ မနောဓာတ်၊ ဓမ္မဓာတ်၊ မနောဝိညာဏဓာတ်တို့ဖြစ်ကြပါသည်။ **(၆-မှတ်)** (မြန်၊၃၄၃။ ပိုဒ်၊၈၅)

**အကျိုးထူးနှစ်ပါးသရုပ် -** (က)မိမိ၏မျက်မှောက်သောကိုယ်၏အဖြစ်၌ ချမ်းသာစွာနေရခြင်းကို ကောင်းစွာမြင်သည်ဖြစ်၍လည်းကောင်း၊ **(၂-မှတ်)**

(ခ) တပည့်အဆက်ဆက်ဖြစ်သောရဟန်းတို့ ရှည်စွာသောနေ့ညဥ့်တို့ပတ်လုံး ဓုတင်ကို ဆောက်တည်ကုန်သတတ်, ဓုတင်ဆောက်တည်ခြင်း၏ဂုဏ်ကို ပြောဆိုကုန်သတတ်ဟု မြင်အပ်သည်ကို အစဉ်လိုက်ခြင်း'ဒိဋ္ဌာနုဂတိ'သို့ နောင်လာနောက်သား လူအများတို့ ရောက်ကုန်ငြားအံ့လည်းမသိ၊ ထိုသူတို့သည် မချွတ်မယွင်းဖြစ်ခြင်ငှါ ကျင့်ကြကုန်လတံ့ဟု <u>နောင်လာနောက်သားလူအများကို သနားသည်ဖြစ်၍လည်းကောင်း၊</u> **(၂-မှတ်)** ဤအကျိုးထူးနှစ်ပါးတို့ကို ကောင်းစွာမြင်သည်ဖြစ်၍ ရှည်စွာသောနေ့ညဥ့်တို့ပတ်လုံး ဓုတင်ဆောက်တည်ခဲ့ပါသည်။

**မှတ်ချက်။** အစိပ္ပါယ်အချုပ်တူညီပါကလည်း အမှတ်ပေးပါရန်။ (မြန်၊၃၉၄။ ပိုဒ်၊၁၄၈)

ရန်ကုန်မြို့

ဒေါက်တာ ခင်ခင်ရီ ပရိယတ္တိဖောင်ဒေးရှင်းမှ ကြီးမှူးကျင်းပသော

ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ

**အုပ်စု (၄) သံယုတ္တနိကာယ**

**သဂါထာဝဂ္ဂ+နိဒါနဝဂ္ဂ ပါဠိတော် မြန်မာပြန် မေးခွန်းနှင့် အဖြေ**

၁၃၇၉-ခုနှစ်၊ နယုန်လပြည့်ကျော် (၃) ရက်၊ (၁၂. ၆. ၂၀၁၇) တနင်္လာနေ့

ခွင့်ပြုချိန်။ ။၄- နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

• • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • •

**၁-မေး။** သက္ကတိုင်း ကပိလဝတ်ပြည် မဟာဝုန်တော၌သီတင်းသုံးနေသော မြတ်စွာဘုရားထံသို့ လာရောက်လိုသော သုဒ္ဓါဝါသဘုံသား ဗြဟ္မာလေးပါးတို့၏ မလာရောက်မီဖြစ်သောအကြံနှင့် လာရောက်သောဗြဟ္မာတို့တွင် တတိယဗြဟ္မာရွတ်ဆိုသောစကားရပ်ကိုလည်း ရေးပြပါ။

**ဖြေ။** **မလာရောက်မီဖြစ်သောအကြံ** - "ဤမြတ်စွာဘုရားသည် သက္ကတိုင်း ကပိလဝတ်ပြည် မဟာဝုန်တော၌ ငါးရာမျှသော အလုံးစုံရဟန္တာချည်းဖြစ်ကုန်သော ရဟန်းသံဃာများစွာနှင့်အတူ သီတင်းသုံးနေတော်မူ၏၊ စကြဝဠာတစ်ထောင်စီရှိသောလောကဓာတ်တိုက်ဆယ်ခုတို့မှ နတ် ဗြဟ္မာတို့သည်လည်း မြတ်စွာဘုရားကိုလည်းကောင်း၊ ရဟန်းသံဃာကိုလည်းကောင်း ဖူးမြော်ခြင်းငှါ အများအားဖြင့် စည်းဝေးလာရောက်ကုန်၏၊ ငါတို့သည်လည်း မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရား၏ထံတော်ပါး၌ အသီးသီး ဂါထာတစ်ပုဒ်စီ ရွတ်ဆိုရမူ ကောင်းလေစွ"ဟု အကြံဖြစ်ပါသည်။ (၅-မှတ်) (နှာ-၂၄)

**စကားရပ်မှာ** - "အရှင်ဘုရား မြတ်စွာဘုရား ကောင်းစွာ ဆုံးမထားပြီးဖြစ်၍ တဏှာကင်းလျက် သန့်ရှင်းစင်ကြယ်သော ထိုရဟန္တာငယ်တို့သည် (ရာဂ ဒေါသ မောဟတည်းဟူသော) ခလုတ်တံသင်းနှင့် တံခါးကျည် မင်းတုပ်တိုင်ဖြုတ်ပြီးလျှင် ရာဂ ဒေါသ မောဟတည်းဟူသော တံခါးတိုင်ကို နုတ်၍ လှည့်လည်သွားလာနေကြကုန်၏"ဟုရွတ်ဆိုပါသည်။ (၅-မှတ်) (နှာ-၂၅)

••••••••••••••••••••••••••••••••••••••••••

၂-မေး။ သူတော်ကောင်းတရားကို ပြောဟော၍ နတ်ပြည်၌ဖြစ်ကုန်သော နတ်သားခုနစ်ရာတို့ မြတ်ဗုဒ္ဓထံပါး၌ ကျူးရင့်သော ဥဒါန်းစကားတို့တွင် နောက်ဆုံးဥဒါန်းကို ဒေဝတာသံယုတ် သကလိကသုတ် အလိုကျရေး၍၊ ကကုဓသုတ်လာ နတ်သားနှင့်ဘုရားတို့ အပြန်အလှန် ပြောစကားကိုလည်း ရေးပါ။

ဖြေ။ **နောက်ဆုံးဥဒါန်းစကား** - "ကောင်းစွာပွားများအပ်သော တည်ကြည်မှုကိုလည်းကောင်း၊ ကိလေသာမှ ကောင်းစွာလွတ်သောစိတ်ကိုလည်းကောင်း၊ ရာဂကြောင့်လည်း မညွတ်၊ ဒေါသကြောင့်လည်း မဖဲသွား၊ အားထုတ်မှုဖြင့် ကိလေသာတို့ကို နှိပ်၍ တားမြစ်မှုသို့လည်း မရောက်၊ အကြင်သူသည် ဤသို့သဘောရှိသော ဆင်ပြောင်ကြီးနှင့်တူသောယောကျ်ား၊ ခြင်္သေ့နှင့်တူသောယောကျ်ား၊ အာဇာနည်ဖြစ်သောယောကျ်ား၊ ရှေ့ဆောင်နွားလားနှင့်တူသောယောကျ်ား၊ ဝန်ဆောင်နွားလားနှင့်တူသော ယောကျ်ား၊ ယဉ်ကျေးသော ယောကျ်ားကို ညွှဉ်းဆဲအပ်၏ဟု မှတ်ထင်ရာ၏၊ ထိုသူ့အား မသိမြင်ခြင်းမှတပါး အဘယ်အကြောင်းရှိအံ့နည်း-ဟု ကျူးရင့်ပါသည်။ **(၄-မှတ်) (နှာ-၂၆)**

**အပြန် အလှန်ပြောစကားများ -**

ကကုဓ = ရဟန်း နှစ်သက်၏လော၊

ဗုဒ္ဓ = အချင်းနတ်သား အဘယ်ကိုရ၍ နှစ်သက်ရမည်နည်း၊

ကကုဓ = ရဟန်း သို့ဖြစ်လျှင် စိုးရိမ်ပါသလော၊

ဗုဒ္ဓ = အချင်းနတ်သား အဘယ်ဝတ္ထုသည် ဆွေးမြေ့သည်ဖြစ်၍ စိုးရိမ်ရမည်နည်း၊

ကကုဓ = ရဟန်း သို့ဖြစ်လျှင် နှစ်သက်လည်းမနှစ်သက် စိုးရိမ်လည်း မစိုးရိမ်ပါသလော၊

ဗုဒ္ဓ = အချင်းနတ်သား သင်ဆိုတိုင်း ဟုတ်၏။ **(တစ်ခု ၁-မှတ်စီ ၆-မှတ်) (နှာ-၅၁)**

••••••••••••••••••••••••••••••••••••••••

၃-မေး။ အဘယ်သို့သောသူတို့ကို မထေမဲ့မြင်မပြုအပ်သည်တို့ကို ကောသလမင်းကြီးအား ဘုရားရှင် သိစေသည့်အတိုင်းရေး၍၊ နောက်ဆုံးပုဂ္ဂိုလ်အပေါ်၌ အဘယ့်ကြောင့် မထေမဲ့မြင် မပြုသင့်ကြောင်းကို လည်း ရှင်းပြပါ။

ဖြေ။ **မထေမဲ့မြင် မပြုအပ်သူတို့မှာ** - မင်းသားကို ငယ်၏ဟူ၍၊ မြွေကို ငယ်၏ဟူ၍၊ မီးကို သေးငယ်၏ဟူ၍၊ ရဟန်းကို ငယ်၏ဟူ၍ မထေမဲ့မြင် မပြုအပ် ပြက်ရယ် မပြုအပ်ပါ။

**(တစ်ခုမှန် ၂ မှတ်စီ ၈-မှတ်) (နှာ-၆၇)**

**မပြုရခြင်းအကြောင်း** - သီလနှင့်ပြည့်စုံသောရဟန်းသည် (သီလတည်းဟူသော)တန်ခိုးဖြင့် အကြင်မထေမဲ့မြင်ပြုအပ်သောသူကို လောင်တတ်၏၊ ထိုသူအား သားသမီးတို့သည် လည်းကောင်း အခြေလေးခုရှိ ကျွဲနွားစသောသားကောင်တို့သည်လည်းကောင်း၊ မဖြစ်ထွန်းကုန်၊ အမွေခံတို့သည်လည်း အမွေဥစ္စာကို မရကုန်၊ ထိုသူတို့သည် သားသမီး မရှိကုန်သည် အမွေခံမရှိကုန်သည်ဖြစ်၍ ထန်းပင်ငုတ်နှင့်တူကုန်၏။ ထို့ကြောင့် - ။

**(၂-မှတ်) (နှာ-၆၈)**

••••••••••••••••••••••••••••••••••••••••

၄-မေး။ နိဗ္ဗာန်သို့စေလွှတ်အပ်သော စိတ်ရှိသည်ဖြစ်၍နေကြသည့် ရဟန်းများစွာတို့အား မာရ်နတ်၏ မဲဆွယ် စကားကို တုန့်ပြန်ပြောဆိုသည့်စကားတို့ကိုသာ မာရသံယုတ် သမိဒ္ဓိသုတ်အရ ဖြေဆိုပါ။

ဖြေ။ **တုန့်ပြန်ပြောသော စကားတို့မှာ** - "ပုဏ္ဏား ငါတို့သည် မျက်မှောက်ကာမဂုဏ်ကိုစွန့်၍ နောက်မှဖြစ်မည့် နတ်ကာမဂုဏ်တို့ကို လိုက်ကြသည်မဟုတ်ကုန်၊ ပုဏ္ဏား ငါတို့သည် နောက်မှဖြစ်မည့် နတ်ကာမဂုဏ်တို့ကို စွန့်၍ မျက်မှောက်၌ အရိယာမဂ်အကျိုးသို့ လိုက်ကုန်၏၊ **(၃-မှတ်)**

မှန်၏ ပုဏ္ဏား နောက်မှဖြစ်မည့် နတ်ကာမဂုဏ်တို့ကို များသောဆင်းရဲခြင်းရှိကုန်၏၊ များသော ပင်ပန်းခြင်းရှိကုန်၏ဟူ၍ မြတ်စွာဘုရားဟောတော်မူအပ်ကုန်၏၊ ကာမဂုဏ်တို့၌ အပြစ်သည် များလှ၏၊**(၃-မှတ်)**

ဤအရိယာမဂ်တရားသည်ကား ကိုယ်တိုင်မြင်နိုင်သော တရားဖြစ်၏၊ အခါမလင့် အကျိုးပေး၏၊ လာလှည့် ရှုလှည့်ဟု ပြထိုက်၏၊ မိမိကိုယ်ထဲ စိတ်ထဲ၌ ဆောင်ထားထိုက်၏၊ အရိယာ ပညာရှိတို့သာ ကိုယ်စီကိုယ်ငှ သိထိုက်၏"ဟူသော တုန့်ပြန်စကားပြောကြားကြပါသည်။

**(၄-မှတ်) (နှာ-၁၁၅)**

••••••••••••••••••••••••••••••••••••••••

၅-မေး။ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုပြီးနောက် သဟမ္ပတိဗြဟ္မာ ရွတ်ဆိုပူဇော်အပ်သော စကားရပ်ကို ဖြေဆို၍၊ ကောင်းစွာဆိုအပ် ပညာရှိတို့ မကဲ့ရဲ့အပ်သော စကား၏ အင်္ဂါတို့ကိုလည်း ဝင်္ဂီသသံယုတ် သုဘာသိတသုတ်အရ ဖြေဆိုပါ။

ဖြေ။ **ရွတ်ဆိုပူဇော်အပ်သောစကားရပ်** - အလုံးစုံသောတရားတို့ကို ကိုယ်တိုင်မှန်စွာ သိတော်မူသော အားဆယ်ပါးနှင့် ပြည့်စုံတော်မူသော ဤသို့သော ဆရာသခင် အတုမဲ့ ဘုရားရှင်သော်မှလည်း အကြင်လောက၌ ပရိနိဗ္ဗာန်ပြုတော်မူရချေသေး၏၊ (၃-မှတ်)

ထိုလောကထဲ၌ အားလုံးရှိသမျှသတ္တဝါတို့သည် ရုပ် နာမ်အစု အတ္တဘောကို စွန့်ပစ်ကြရကုန်မည်ချည်းသာတည်းဟု ပူဇော်ရွတ်ဆိုပါသည်။ (၃-မှတ်) (နှာ-၁၅၁)

**စကားဖြစ်အောင်ပြောကြောင်းအင်္ဂါမှာ** -ဤသာသနာတော်၌ ရဟန်းသည် ကောင်းစွာဆိုအပ်သော စကားကိုသာလျှင် ဆို၏၊ မကောင်းသဖြင့်ဆိုအပ်သော စကားကို မဆို၊

တရားနှင့်ညီသော စကားကိုသာလျှင် ဆို၏၊ တရားနှင့်မညီသော စကားကို မဆို၊

ချစ်ခင်ဖွယ်သော စကားကိုသာလျှင် ဆို၏၊ မချစ်ခင်ဖွယ်သော စကားကို မဆို၊

မှန်သော စကားကိုသာ ဆို၏၊ မမှန်သော စကားကို မဆို။ (၄-မှတ်) (နှာ-၁၇၈)

••••••••••••••••••••••••••••••••••••••••

၆-မေး။ အနာထပိဏ်သူဌေး၏ ငယ်နာမည်ကို ဖြေ၍၊ ယင်းသူဌေးက 'အရှင်ဘုရား အသို့ပါနည်း ချမ်းသာစွာ အိပ်ရနေရပါ၏လော'ဟူသော အမေး၌ ဗုဒ္ဓ၏ အဖြေစကားရပ်တို့ကို ရေးပြီး၊ သက္ကသံယုတ် ပဌမဝဂ်လာ သိကြားမင်း ဂုဏ်ကို ပြောလေ့ရှိသော တရားတို့ကိုလည်း ဖော်ပြခဲ့ပါ။

ဖြေ။ **ငယ်နာမည်** - သုဒတ္တဖြစ်ပါသည်။ (၂-မှတ်)

**မြတ်ဗုဒ္ဓ၏အဖြေပြစကားရပ်မှာ** - အကြင်သူသည် ကာမဂုဏ်တို့၌ မလိမ်းကျံ၊ ဥပဓိမရှိသည်ဖြစ်၍ ငြိမ်းအေးခြင်းသို့ ရောက်၏၊ ထိုသူသည် မကောင်းမှုမှ အပပြုပြီးသူ ကိလေသာငြိမ်းအေးပြီးသူဖြစ်၍ အခါခပ်သိမ်း ချမ်းသာစွာ အိပ်ရနေရ၏။ (၃-မှတ်)

ထိုသူသည် အလုံးစုံကုန်သော တပ်စွန်းတတ်သော တဏှာကို ဖြတ်ပြီးလျှင် စိတ်နှလုံး၌ ပူပန်ခြင်းကို ဖျောက်လျက် စိတ်ဖြင့် ငြိမ်းချမ်းခြင်းသို့ ရောက်ကာ ငြိမ်သက်သည်ဖြစ်၍ ချမ်းသာစွာ အိပ်ရနေရ၏။ (၃-မှတ်) (နှာ-၁၉၉)

**ဂုဏ်ကိုပြောလေ့ရှိသောတရား** - ထကြွလုံ့လရှိသော သူ၏ဂုဏ်ကျေးဇူး၊ သည်းခံခြင်း တရား၌ မွေ့လျော်ခြင်း၏ ဂုဏ်ကျေးဇူးတို့ကို ပြောလေ့ရှိပါသည်။

(၂-မှတ်) (နှာ-၂၀၃/၂၀၈)

•••••••••••••••••••••••••••••••••••••••

၇-မေး။ သိကြားမင်းဖြစ်လိုသူတို့၏ ကျင့်စဉ်တို့တွင် ရှေ့ဆုံးငါးမျိုးကိုသာ ရေးပြ၍၊ သိကြားမင်း၏ ဝါသဝ, သဟဿက္ခ အမည်ရပုံတို့ကိုလည်း ရှင်းပြပါ။

**ဖြေ။ ရှေ့ဆုံး(၅)ပါးမှာ** - (၁) အသက်ထက်ဆုံး အမိအဖကို လုပ်ကျွေးမွေးမြူသူ၊
(၂) အသက်ထက်ဆုံး အမျိုးထဲ၌ ကြီးသောသူတို့ကို အရိုအသေပြုလေ့ရှိသူ၊
(၃) အသက်ထက်ဆုံး သိမ်မွေ့သောစကားကို ဆိုလေ့ရှိသူ၊
(၄) အသက်ထက်ဆုံး ကုန်းတိုက်စကားကို ဆိုလေ့မရှိသူ၊
(၅) အသက်ထက်ဆုံး လွတ်လွတ်စွန့်ကြဲခြင်းရှိသူ၊ ပေးလှူရန် အခါခပ်သိမ်း စင်ကြယ်သော လက်ရှိသူ၊ စွန့်လှူခြင်း၌ မွေ့လျော်သူ၊ သူတပါးတို့တောင်းခံခြင်းငှာထိုက်သူ၊ ပေးကမ်းလှူဒါန်းခြင်း ဝေဖန်ခြင်း၌ မွေ့လျော်သူဖြစ်၍ ဝန်တိုခြင်းကင်းသောစိတ်ဖြင့် အိမ်ကိုအုပ်စိုး၍ နေသူတို့ဖြစ်ကြပါသည်။ **(၆-မှတ်) (နှာ-၂၁၅)**

**အမည်ရပုံများ** - သိကြားမင်းသည် ရှေးလူဖြစ်စဉ်အခါက တည်းခိုးရာစရပ်ကို ပေးလှူခဲ့သောကြောင့် "ဝါသဝ"ဟု ဆိုအပ်သည်။

သိကြားမင်းသည် တစ်ထောင်သောအကြောင်းအရာတို့ကို တစ်မုဟုတ်ချင်းဖြင့် ကြံနိုင်သောကြောင့် "သဟဿက္ခ"ဟု ဆိုအပ်ပါသည်။ **(တစ်ခု ၂ မှတ်စီ ၄ မှတ်) (နှာ-၂၁၆)**

•••••••••••••••••••••••••••••••••••••••

၈-မေး။ ရဟန်းတို့ 'အိုမှု ဇရာ, သေမှု မရဏ' တို့ဟူသည် အဘယ်နည်းဟူသော အမေး၏ အဖြေပြစကားရပ်ကိုလည်း ဖြေဆိုပါ။

**ဖြေ။ အဖြေစကားရပ်များ** - ရဟန်းတို့ ထိုထိုသတ္တဝါတို့၏ ထိုထိုဘုံဘဝ၌ အိုမင်းခြင်း၊ အိုမင်းသည်၏အဖြစ်၊ သွားကျိုးခြင်း၊ ဆံဖြူခြင်း၊ အရေတွန့်ခြင်း၊ အသက်၏ယုတ်လျော့ခြင်း၊ ဣန္ဒြေတို့၏ ရင့်ကျက်ခြင်းဟူသော ဤသဘောတရားကို အိုမှု'ဇရာ'ဟုဆိုအပ်ပါသည်။ **(၅-မှတ်)**

ရဟန်းတို့ ထိုထိုသတ္တဝါတို့၏ ထိုထိုဘုံဘဝမှ ရွေ့လျောခြင်း၊ ရွေ့လျောသည်၏အဖြစ်၊ ပျက်ခြင်း၊ ကွယ်ပျောက်ခြင်း၊ အသက်ကို စွန့်ခြင်း၊ သေခြင်း၊ ဘဝအဆုံးပြုခြင်း၊ ခန္ဓာတို့၏ပျက်စီးခြင်း၊ ကိုယ်ကောင်ကိုပစ်ချရခြင်းဟူသော ဤသဘောတရားကို သေမှု'မရဏ'ဟု ဆိုအပ်ပါသည်။ (၅-မှတ်) (နှာ-၂၂၉)

•••••••••••••••••••••••••••••••••••••••

၉-မေး။ ဉာဏ်၏တည်ရာ 'ဉာဏဝတ္ထု'သရုပ်ကို သချာမျှသာ ဒုတိယဉာဏဝတ္ထုသုတ်အလိုကျပြဆို၍၊ လေးပါးသော သောတာပတ္တိအင်္ဂါတို့တွင် နောက်ဆုံးတစ်ပါးကိုသာ ပဉ္စဝေရဘယသုတ်အရ ဖြေဆိုပြီး၊ နဂရသုတ်လာ ဘုရားအလောင်းတို့၏ အဦးဆုံးဖြစ်ပေါ်လာသော အကြံတော်ကိုလည်း ဖြေပါ။

ဖြေ။ **ဉာဏဝတ္ထုသချာ - " ၇၇ "ပါးဖြစ်ပါသည်။ (၂-မှတ်) (နှာ-၂၇၇)**

**နောက်ဆုံးတစ်ပါးမှာ** - မကျိုးမပေါက် မပြောက်မကြားကုန်သော တဏှာကျွန်အဖြစ်မှ လွတ်မြောက်ကုန်သော ပညာရှိတို့ ချီးမွမ်းအပ်ကုန်သော မှားသောအားဖြင့် မသုံးသပ်အပ်ကုန်သော တည်ကြည်မှု သမာဓိကိုဖြစ်စေတတ်ကုန်သော အရိယာတို့ နှစ်သက်အပ်သော သီလတို့နှင့် ပြည့်စုံ၏။ **(၄-မှတ်) (နှာ-၂၈၆)**

**အဦးဆုံးဖြစ်ပေါ်လာသော အကြံမှာ** - ဤသတ္တလောကသည် ဆင်းရဲခြင်းသို့ ရောက်စွတကား၊ ပဋိသန္ဓေလည်းနေရ၏၊ အိုလည်းအိုရ၏၊ သေလည်းသေရ၏၊ စုတေလည်း စုတေရ၏၊ တဖန် ပဋိသန္ဓေလည်း နေရ၏၊ ထိုသို့ဖြစ်ပါလျက် အိုခြင်း သေခြင်း ဆင်းရဲခြင်း၏ ထွက်မြောက်ရာကို မသိ၊ အဘယ်အခါမှ အိုခြင်း သေခြင်း ဆင်းရဲခြင်း၏ လွတ်မြောက်ရာသည် ထင်ရှားပါလတံ့နည်း ဤသို့အကြံဖြစ်ပါသည်။ **(၄-မှတ်) (နှာ-၃၁၄)**

•••••••••••••••••••••••••••••••••••••••

၁၀-မေး။ သူတော်ကောင်းတရားတို့ မကွယ်ပဖို့ရာ ပြုကျင့်ကြရမည့်ကရား(၅)ပါးကိုလည်း သဒ္ဓမ္မပတိရူပက သုတ်အရဖြေဆို၍၊ မုဆိုး, ကြိုးရှည်ရှည်တပ်သောမိန်း, ကြိုး-ဟူသော စကားတို့၏ အမည်ကို ကုမ္မသုတ်အလိုကျ ဖြေဆိုပါ။

ဖြေ။ **ပြုကျင့်ရမည့်တရား(၅)ပါးမှာ** - ဤသာသနာတော်၌ ရဟန်းယောကျ်ား၊ ရဟန်းမိန်းမ၊ ဥပါသကာယောကျ်ား၊ ဥပါသိကာမိန်းမတို့သည် မြတ်စွာဘုရား, တရားတော်, သံဃာတော်, အကျင့်သိက္ခာ, သမာဓိတို့၌ ရိုသေတုပ်ဝပ်ကုန်သည်ဖြစ်၍ နေကြရပါမည်။

**(၅-မှတ်) (နှာ-၄၁၂)**

**မုဆိုး** ဟူသောအမည်သည် ယုတ်မာသော ကိလေသမာရ်၏အမည်ဖြစ်ပါသည်။

**(၁-မှတ်)**

**ကြိုးရှည်ရှည်တပ်သော မိန်း**-ဟူသောအမည်သည် လာဘ်, ပူဇော်သကာ, အကျော်အစော၏ အမည်ဖြစ်ပါသည်။ **(၃-မှတ်)**

**ကြိုး** ဟူသောအမည်သည် နှစ်သက်စွဲမက်ခြင်း 'နန္ဒီရာဂ'အမည်ဖြစ်ပါသည်။

**(၁-မှတ်) (နှာ-၄၁၄)**

ရန်ကုန်မြို့

ဒေါက်တာ ခင်ခင်ရီ ပရိယတ္တိဖောင်ဒေးရှင်းက ကြီးမှူးကျင်းပသော

ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ

## အုပ်စု (၄) သံယုတ္တနိကာယ

## သဂါထာဝဂ္ဂ+နိဒါနဝဂ္ဂ ပါဠိတော် မြန်မာပြန် မေးခွန်း+အဖြေလွှာ

၁၃၈၀-ခုနှစ်၊ ပထမဝါဆိုလွှန်း (၆) ရက်၊ (၁၈.၆.၂၀၁၈) တနင်္လာနေ့

ခွင့်ပြုချိန်။ ။၄-နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

+ + + + +

**မေး** ၁။ အမိဝမ်းတိုက်ဟူသော ညွှန်၌ ဖြစ်သော ကိုယ်သည် အဘယ်သို့ ထွက်မြောက်နိုင်ပါသနည်း? ဟူသော အမေးကို စတုစက္ကသုတ်အရ ဖြေဆို၍၊ ယဋ္ဌိကာရနတ်သား ဘုရားရှင်ကို လျှောက်သည့် အဝိဟာ ဘုံသို့ ရောက်နေကုန်သည့် ရဟန်းခုနစ်ယောက်တို့ကို ဖော်ပြခဲ့ပါ။

**ဖြေ** ၁။ **စတုစက္ကသုတ်အရ** - ရန်ငြိုးဖွဲ့မှုကိုင်း၊ ကိလေသာဟူသော ကြိုးလါန်ကိုင်း၊ လိုလားမှု ဣစ္ဆာကိုင်း၊ ယုတ်ညံ့သော လိုချင်မှု လောဘကိုင်း ဖြတ်၍ တပ်မက်မှုတဏှာကို အမြစ်နှင့်တကွ နုတ်ပယ်နိုင်သည်ရှိသော် ထွက်မြောက်မှု ဖြစ်နိုင်လတ္တံ့ဟု ဖြေပါသည်။ (၅-မှတ်) (နှာ-၁၅)

**ရဟန်းခုနစ်ဦး** - ဥပက၊ ပလဂဏ္ဍ၊ ပုက္ကုသာတိ၊ ဘဒ္ဒိယ၊ ခဏ္ဍဒေဝ၊ ဗာဟုရဂ္ဂိ၊ သိင်္ဂိယ တို့ ဖြစ်ပါသည်။ (၅-မှတ်) (နှာ-၅၈)

+ + + + +

**မေး** ၂။ ပသေနဒီကောသလမင်းအား သေခြင်းတရားနှင့် စပ်၍ ဘုရားရှင် ဥပမာပြ ဆုံးမပုံကို ဖော်ပြ၍၊ ရှင်ဂေါဓိက ပရိနိဗ္ဗာန်ပြုလေပြီ-ဟု ဘုရားရှင်မိန့်ရာ၌ မာရ်နတ်၏ အမူအရာဖောက်ပြန်ပုံကိုလည်း ဖော်ပြခဲ့ပါ။

**ဖြေ** ၂။ **ဥပမာပြ ဆုံးမပုံ** --- မင်းကြီး မဖုတ်ရသေး အစိမ်းသက်သက်လည်းဖြစ်ကုန်သော၊ ဖုတ်ပြီး အကျက်လည်းဖြစ်ကုန်သော၊ အိုးထိန်းသည်တို့၏ အိုးခွက်ဟူသမျှ အားလုံးတို့သည် ကွဲခြင်းသဘောရှိကုန် သကဲ့သို့၊ ကွဲခြင်းလျှင်အဆုံးရှိကုန်သကဲ့သို့၊ ကွဲခြင်းကို မလွန်နိုင်ကုန်သကဲ့သို့။

မင်းကြီး ဤဥပမာအတူပင်လျှင် သတ္တဝါအားလုံးတို့သည် သေခြင်းသဘောရှိကုန်၏၊ သေခြင်းလျှင် အဆုံးရှိကုန်၏၊ သေခြင်းကို မလွန်နိုင်ကုန်။ (၄-မှတ်) (နှာ-၉၅)

**အမူအရာ ဖောက်ပြန်ပုံ** - ပူဆွေးခြင်းဖြင့် နှိပ်စက်သော ထိုမာရ်နတ်၏ လက်ကတီးမှ စောင်းသည် လျှောကျလေ၏၊ ထို့နောက် မာရ်နတ်သည် နှလုံးမသာယာသည်ဖြစ်၍ ထိုအရပ်၌ပင်လျှင် ကွယ်ပျောက်ပါသည်။ (နှာ-၁၁၉)

မေး ၃။ သစ်ပင်ရင်း၌ ထိုင်နေသည့် ကိသာဂေါတမီဘိက္ခုနီထံ ချဥ်းကပ်လာသည့် မာရ်နတ်သည် မည်သည့်ရည်ရွယ်ချက်ဖြင့်, မည်သည့်စကား ဆိုသည်ကို ရေး၍၊ ကောကာလိကရဟန်းကို အကြောင်းပြု၍ သုပြဟ္မာပစ္စေကပြဟ္မာ ဘုရားရှင်ထံ လျှောက်သည့် စကားစုကို ရေးပါ။

ဖြေ ၃။ ရည်ရွယ်ချက် --- ကိသာဂေါတမီဘိက္ခုနီမအား ကြောက်ခြင်း၊ ထိတ်လန့်ခြင်း၊ ကြက်သီးမွေးညင်း ထခြင်းကို ဖြစ်စေလိုရင်း၊ တည်ကြည်ခြင်း သမာဓိမှ ရွေ့လျောစေလို၍ရင်း ကိသာဂေါတမီဘိက္ခုနီမထံသို့ ချဥ်းကပ်၍ ဂါထာရွတ်ဆိုပါသည်။

**ဆိုသောစကား** - အရှင်မ.. သင်သည် သားသေသော သူကဲ့သို့ ငိုသော မျက်နှာရှိသည်ဖြစ်၍ အဘယ့်ကြောင့် တစ်ယောက်တည်း နေရသနည်း၊ တစ်ယောက်တည်း တောကြီးအလယ်သို့ ရောက်လာ သည်ကား ယောကျ်ားကို ရှာသလော-ဟု ဆိုပါသည်။ (နှာ-၁၂၆)

**သုပြဟ္မာလျှောက်ထားသည့်စကားစု** - ကောကာလိကသည် မနှိုင်းယှဉ်အပ်သော ပုဂ္ဂိုလ်ကို နှိုင်းယှဉ်ဘိ၏၊ ဤအရာ၌ အဘယ်ပညာရှိသည် ကြံဆနိုင်အံ့နည်း၊ မနှိုင်းယှဉ်အပ်သော ပုဂ္ဂိုလ်အား နှိုင်းယှဉ်သော ထိုသူကို အမြင်မှောက်သော ပုထုဇဉ်ဟူ၍ ထင်မှတ်ပါကုန်၏-ဟု လျှောက်သည်။(နှာ-၁၄၄)

မေး ၄။ ကသိဘာရဒွါဇပုဏ္ဏားအား ဘုရားရှင် မိန့်ကြားသည့် သာသနာတော်လောက၌ 'မျိုးစေ့, မိုးရေ, ထမ်းပိုး ထွန်တုံး, ထွန်သံ, ကြိုး, နှင်တံ တို့ကို ဖော်ပြ၍၊ အရှင်အာနန္ဒာ မိန့်ကြားသည့် အရှင်ဝင်္ဂီသ၏ စိတ် ကာမရာဂ မီးလောင်ခံနေရသည့်အကြောင်းနှင့် ရာဂမီးငြိမ်းကြောင်းတရားတို့တွင် ရှေ့ဆုံးသုံးခုမျှ ထုတ်ပြပါ။

ဖြေ ၄။ **သာသနာတော်လောက၌** - ယုံကြည်မှု သဒ္ဓါသည် မျိုးစေ့၊ ဣန္ဒြိယသံဝရသီလသည် မိုးရေ၊ ပညာသည် ထမ်းပိုး ထွန်တုံး၊ ရှက်မှု ဟိရီတရားသည် ထွန်သံ၊ စိတ်သည် ကြိုး၊ အောက်မေ့မှု သတိသည် နှင်တံ မည်ပါသည်။ (နှာ-၁၆၄)

**အကြောင်း** - သညာဖောက်ပြန်ခြင်းကြောင့် သင်၏စိတ်သည် ထက်ဝန်းကျင် လောင်မြိုက်ခံနေရ၏။

**ရှေ့ဆုံးသုံးခုမျှ** - (က) တင့်တယ်၏-ဟူသော ရာဂနှင့်စပ်သော အမှတ်နိမိတ်ကို ကြဉ်ဘိလော့။

(ခ) သင်္ခါရတရားတို့ကို အနိစ္စ၊ (ဂ) ဒုက္ခအားဖြင့် ရှုလော့။ (နှာ-၁၇၈)

မေး ၅။ အရှင်ကဿပဂေါတ္တကို ထိတ်လန့်စေလိုသည် ဖြစ်၍ တောစောင့်နတ်ပြောဆိုသည့် စကားရပ်တို့ကို ရေး၍၊ ကြီးစားမှုမရှိသည့် သုဝီရနတ်သားကို သိကြားမင်း ဆုံးမလိုသဖြင့် ပြောသည့် ပဌမ စကားရပ်ကိုသာ ရေးပြပါ။

ဖြေ ၅။ **တောစောင့်နတ်ပြောသည့် စကားရပ်များ** - ရဟန်း.. တောချောက်ကြား၌ သွားလာနေသော ပညာမဲ့၍ အကြောင်းအကျိုး သိနိုင်သည့်စိတ်မရှိသော မှုဆိုးကို အခါမဟုတ်သည်၌ ဆုံးမသော ရဟန်းသည် နုံ့နေးမိုက်မဲသူကဲ့သို့ အကျွန်ုပ်ဉာဏ်၌ ထင်ပါ၏။

မုဆိုးမိုက်သည် နားထောင်၏ သိကား မသိ၊ ကြည့်၏ မြင်ကား မမြင်၊ တရားဟောသော်လည်း အနက်အဓိပ္ပါယ်ကို မသိနိုင်။

ကဿပ.. သင်သည် ဆယ်တိုင်သော မီးတို့ကို ညှိထွန်းစေကာမူ ထိုသားမုဆိုးသည် အဆင်းတို့ကို မမြင်ရလတ္တံ့၊ ထိုတောမုဆိုးအား ပညာမျက်စိ မရှိသည်သာတည်းဟု ပြောပါသည်။ (နှာ-၁၈၇)

ပဌမစကားရပ် - သုဝီရ.. အကြင်အရပ်၌ ထကြွမှုမရှိဘဲ အားမထုတ်ဘဲ ချမ်းသာကို ရနိုင်၏၊ ထိုအရပ်သို့ သင် သွားလော့၊ ငါ့ကိုလည်း ထိုအရပ်သို့သာလျှင် ပို့ပါလော့-ဟု ဆိုပါသည်။ (နှာ-၂၀၃)

မေး ၆။ သိကြားမင်းကြီး ချစ်သော ရဟန်းတို့၏ အကျင့်ကို ရေး၍၊ အာဟာရတို့၏ အကြောင်း, ဖြစ်ပေါ်ကြောင်း, ဖြစ်ကြောင်း, အမွန်အစတို့ကို ဖော်ပြ၍၊ အဘယ်အကြောင်းခံကြောင့် တပ်မက်မှု ဖြစ်ပါသနည်း ဟူသော အမေး၏ အဖြေကိုလည်း ရေးပါ။

ဖြေ ၆။ **သိကြားမင်းချစ်သော ရဟန်းတို့အကျင့်** - ရဟန်းတို့သည် အကြင်ရွာမှ ဖဲသွားကုန်၏၊ ငဲ့ကွက်ခြင်းမရှိကုန်သည်ဖြစ်၍ ထိုရွာမှ သွားကုန်၏၊ အိမ်ရာမထောင်ကုန်သော ထိုရဟန်းတို့၏ ဤအကျင့်ကို ငါ ချစ်၏။ (နှာ-၂၂၂)

**အာဟာရတို့သည် -**

တပ်မက်မှု တဏှာလျှင် အကြောင်းရှိကုန်၏။

တပ်မက်မှု တဏှာလျှင် ဖြစ်ပေါ်ကြောင်းရှိကုန်၏။

တပ်မက်မှု တဏှာလျှင် ဖြစ်ကြောင်းရှိကုန်၏။

တပ်မက်မှု တဏှာလျှင် အမွန်အစရှိကုန်၏။ (နှာ-၂၃၇)

**အဘယ်အကြောင်းခံကြောင့်** - ခံစားမှု ဝေဒနာအကြောင်းခံကြောင့် တပ်မက်မှု တဏှာ ဖြစ်ပါသည်။ (နှာ-၂၃၉)

မေး ၇။ "သေခြင်း"၏ သဘောအဓိပ္ပာယ်ကို ပစ္စယသုတ်မှ ထုတ်နုတ်ဖော်ပြ၍၊ ဉာဏ်ဟူသော တည်ရာ 'ဉာဏဝတ္ထု' လေးဆယ့်လေးပါးတို့တွင် ရှေ့ဆုံး ခြောက်ခုမျှ ရေးပြပါ။

ဖြေ ၇။ သေခြင်းအဓိပ္ပါယ် - ထိုထိုသတ္တဝါတို့၏ ထိုထိုဘုံဘဝမှ ရွေ့လျောခြင်း၊ ရွေ့လျောသည်၏အဖြစ်၊ ပျက်ခြင်း၊ ကွယ်ပျောက်ခြင်း၊ အသက်ကို စွန့်ခြင်း၊ သေခြင်း၊ ဘဝအဆုံးကို ပြုခြင်း၊ ခန္ဓာကိုယ်တို့၏ ပျက်ခြင်း၊ ကိုယ်ကောင်ကို ပစ်ချရခြင်း-ဟူသော သဘောတရားကို သေခြင်း-ဟု ဆိုအပ်ပါသည်။ (နာ-၂၆၃)

ရှေ့ဆုံးခြောက်ခုမျှ - အိုခြင်းဇရာ သေခြင်းမရဏ၌ သိသောဉာဏ်၊ အိုခြင်းဇရာ သေခြင်းမရဏ၏ ဖြစ်ပေါ်ကြောင်း၌ သိသောဉာဏ်၊ အိုခြင်းဇရာ သေခြင်းမရဏ၏ ချုပ်ရာ၌ သိသောဉာဏ်၊ အိုခြင်းဇရာ သေခြင်းမရဏ၏ ချုပ်ရာနိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်၌ သိသောဉာဏ်၊ ပဋိသန္ဓေနေမှု ဇာတိ၌ သိသောဉာဏ်၊ ပဋိသန္ဓေနေမှု ဇာတိဖြစ်ပေါ်ကြောင်း၌ သိသောဉာဏ်။ (နာ-၂၇၅)

---

မေး ၈။ ဆင်းရဲဖြစ်ပေါ်ပုံကို လောကသုတ်အလိုကျ အမြွက်တစ်ခုမျှ ထုတ်ပြရှင်းလင်း၍၊ ကဗဠီကာရဟာရကို ပိုင်းခြား၍ သိနိုင်သည်ရှိသော် ရရှိနိုင်သော အဆက်ဆက်သော အကျိုးတို့ကို ဖော်ပြခဲ့ပါ။

ဖြေ ၈။ ဆင်းရဲဖြစ်ပေါ်ပုံ - မျက်စိကိုရင်း အဆင်းတို့ကိုရင်း စွဲ၍ မျက်စိ၌မှီသော သိမှုစက္ခုဝိညာဏ် ဖြစ်၏၊ သုံးပါးတို့၏ ပေါင်းဆုံမိခြင်းကြောင်း တွေ့ထိမှု ဖဿ ဖြစ်၏၊ ဖဿအကြောင်းခံကြောင့် ခံစားမှု ဝေဒနာ ဖြစ်၏၊ ဝေဒနာအကြောင်းခံကြောင့် တပ်မက်မှု တဏှာ ဖြစ်၏၊ ဤသည်ကား ဆင်းရဲဖြစ်ပေါ်ခြင်း ဖြစ်ပါသည်။ (နာ-၂၈၈)

အဆက်ဆက်သောအကျိုး - ကဗဠီကာရအာဟာရကို ပိုင်းခြား၍သိသည်ရှိသော် ကာမဂုဏ်ငါးပါး၌ တပ်မက်မှု ကာမရာဂကို ပိုင်းခြား၍သိနိုင်၏၊ ကာမဂုဏ်ငါးပါး၌ တပ်မက်မှု ကာမရာဂကို ပိုင်းခြား၍သိသည် ရှိသော် အရိယာတပည့်သည် အကြင်ကာမဂုဏ်၌ တပ်မက် နှောင်ဖွဲ့မှု 'ကာမရာဂသံယောဇဉ်နှင့် ယှဉ်သည် ဖြစ်၍ တဖန် ဤကာမဘုံသို့ လာရောက်၏၊ ထိုနှောင်ဖွဲ့မှုသံယောဇဉ်သည် မရှိ'။ (နာ-၃၁၀)

မေး ၉။ ဓာတ်ခုနစ်ပါးစွမ်းအားကြောင့် ရောက်နိုင်သည့် သမာပတ်တို့ကို တွဲစပ် ဖော်ပြ၍၊ အဝိဟိံသာဓာတ်ကို စွဲ၍ အဆက်ဆက်ဖြစ်ပုံတို့ကိုလည်း ဖော်ပြခဲ့ပါ။

ဖြေ ၉။ **ဓာတ်နှင့် သမာပတ်တွဲစပ်** - အာဘာဓာတ်၊ သုဘဓာတ်၊ အာကာသာနဉ္စာယတနဓာတ်၊ ဝိညာဏဉ္စာယတနဓာတ်၊ အာကိဉ္စညာယတနဓာတ်-ဟူသော ဤဓာတ်တို့သည် သညာသမာပတ်သို့ ရောက်အပ်ကုန်၏။

နေဝသညာနာသညာယတနဓာတ်သည် သင်္ခါရမှုကြွင်းသော သမာပတ်သို့ ရောက်အပ်၏။

သညာဝေဒယိတနိရောဓဓာတ်သည် နိရောဓသမာပတ်သို့ ရောက်အပ်၏။

**အဆက်ဆက်ဖြစ်ပုံ** - အဝိဟိံသဓာတ်ကို စွဲ၍ အဝိဟိံသာသညာသည် ဖြစ်၏၊ အဝိဟိံသာသညာကို စွဲ၍ အဝိဟိံသာသင်္ကပ္ပသည် ဖြစ်၏၊ အဝိဟိံသာသင်္ကပ္ပကို စွဲ၍ အဝိဟိံသာဆန္ဒသည် ဖြစ်၏၊ အဝိဟိံသာဆန္ဒကို စွဲ၍ အဝိဟိံသာပရိဠာဟသည် ဖြစ်၏၊ အဝိဟိံသာပရိဠာဟကို စွဲ၍ အဝိဟိံသာပရိယေသနသည် ဖြစ်၏၊ အဝိဟိံသာပရိယေသနကို ရှာမှီးသော အကြားအမြင်နှင့် ပြည့်စုံသော အရိယာတပည့်သည် ကိုယ်နှုတ်စိတ်-ဟူသော သုံးပါးသော အကြောင်းတို့ဖြင့် ကောင်းစွာ ကျင့်ပါသည်။ (နာ-၃၅၁)

မေး ၁၀။ သင်္ကန်းနှင့် စပ်၍ အရှင်မဟာကဿပ၏ ချီးမွမ်းအတုယူဖွယ်ကို ကဿပသံယုတ် သန္တုဋ္ဌသုတ်အရ ထုတ်ပြ၍၊ အမျိုးတို့တွင် အမြတ်ဆုံးဖြစ်သူနှင့် နတ်လူအပေါင်းတို့တွင် အမြတ်ဆုံးဖြစ်သူတို့ကို မဟာကပ္ပိနသုတ်တော်အရ ထုတ်ဖော်ပြခဲ့ပါ။

ဖြေ ၁၀။ **ချီးမွမ်းအတုယူဖွယ်** - အရှင်ကဿပသည် ရတတ်သမျှသော သင်္ကန်းဖြင့် ရောင့်ရဲ၏၊ ရတတ်သမျှသော သင်္ကန်းဖြင့် ရောင့်ရဲခြင်း၏ ဂုဏ်ကျေးဇူးကိုလည်း ပြောဆိုလေ့ရှိ၏၊ သင်္ကန်း-ဟူသော အကြောင်းကြောင့် မလျောက်ပတ်သော ရှာမှီးခြင်းသို့လည်း မရောက်၊ သင်္ကန်းကို မရသော်လည်း မတောင့်တ၊ သင်္ကန်းကို ရ၍လည်း မမက်မော မတွေဝေ၊ တဏှာဖြင့် မလွှမ်းမိုး၊ အပြစ်ကို ရှုလျက် ထွက်မြောက်ကြောင်း ပညာရှိသည်ဖြစ်၍ သုံးဆောင်၏။ (နာ-၃၈၇)

**မဟာကပ္ပိနသုတ်** - အမျိုးအနွယ်ကို စိစစ်လေ့ရှိကုန်သူ လူအပေါင်းတို့တွင် မင်းမျိုးသည် မြတ်ပါသည်။

ဝိဇ္ဇာသုံးပါး စရဏ တစ်ဆယ့်ငါးပါးနှင့် ပြည့်စုံသူသည် နတ်လူအပေါင်း၌ မြတ်ပါသည်။ (နာ-၄၅၉)

\+ + + + +

၂၀၁၉ (၁၃၈၁) ခုနှစ် ပိဋကသုံးပုံမြန်မာပြန် စာမေးပွဲ

**အုပ်စု (၄) သဂါထာဝဂ္ဂ+နိဒါနဝဂ္ဂ မေးခွန်းနှင့် အဖြေ**

**မေး။ ၁။**

ငြိမ်းချမ်းရာကို အလိုရှိသူများ ရှုရမည့် ဘေးသုံးမျိုးကို နန္ဒသုတ်အလို ဖြေဆို၍၊ သောမာဘိက္ခုနီက မာရ်နတ်အား ပြန်ပြောသော ဂါထာစကားရပ်တို့ကိုလည်း ဖြေဆိုပြပါ။

**ဖြေ။ ၁။ ဘေးသုံးမျိုး ---**

၁။ အချိန်အခါတို့သည်(ပုဂ္ဂိုလ်ကို) လွန်ကုန်၏။

၂။ ညဉ့်တို့သည်(ပုဂ္ဂိုလ်ကို) လွန်ကုန်၏။

၃။ (ပဌမ မဇ္ဈိမ ပစ္ဆိမ)အရွယ်စုတို့သည် (ပုဂ္ဂိုလ်ကို) လွန်ကုန်၏။ [နာ/၆၁] ( ၅ မှတ် )

**ဂါထာစကားရပ် ---**

ကောင်းစွာ တည်ကြည်သောစိတ်၌ ဖလသမာပတ်ဉာဏ်ဖြစ်သည်ရှိသော် တရားကို ကောင်းစွာ မြင်သောသူအား မိန်းမအဖြစ်သည် အဘယ်ပြုအံ့နည်း။

အကြင်သူအား ငါကား မိန်းမဟူ၍လည်းကောင်း၊ ငါကား ယောကျာ်းဟူ၍လည်းကောင်း၊ ငါကား တခြား တစ်စုံတစ်ခုဖြစ်၏ဟူ၍လည်းကောင်း (တဏှာ မာန ဒိဋ္ဌိ)တို့ဖြင့် ဤသို့ ဖြစ်ရာ၏၊ ထိုသူကိုသာလျှင် မာရ်နတ်သည် ဆိုခြင်းငှါ ထိုက်၏။ [နာ/၁၂၆] ( ၅ မှတ် )

**မေး။ ၂။**

လောကကြီးကို ကြည့်တော်မူသော မြတ်စွာဘုရား၏ မြင်တော်မူသော အရာတို့ကို ရှေ့နှစ်တွဲမျှသာ ဖြေဟ္ဓယာစန-သုတ်အရ ဖြေဆို၍၊ အညတရဖြေဟ္ဓသုတ်လာ ဖြေဟ္မာ၏ မိစ္ဆာအယူကိုလည်း ဖြေဆိုပါ။

**ဖြေ။ ၂။ ရှေ့နှစ်တွဲ --**

၁။ (ပညာ)မျက်စိ၌ (ကိလေသာ)မြူ နည်းပါးသူ၊ (ပညာ)မျက်စိ၌ (ကိလေသာ)မြူ များပြားသူ။

၂။ ဣန္ဒြေရင့်ကျက်ပြီးသူ၊ ဣန္ဒြေနုသေးသောသူ။ [နာ/၁၃၄] (၅ မှတ်)

**မိစ္ဆာအယူ ---**

ဤဗြဟ္မာပြည်သို့ လာနိုင်သော သမဏသည်လည်းကောင်း ဗြာဟ္မဏသည်လည်းကောင်း မရှိ။ [နာ/၁၄၀]( ၅ မှတ် )

**မေး။၃။**

ကောကာလိကရဟန်းအား တုရူပြဟ္မာရှုတ်ဆိုသော ဂါထာတို့မှ ပထမဂါထာကို ရေးပြ၍၊ စင်ကြယ်ခြင်းသို့ ရောက်မည့် အစစ်ကို သုဒ္ဓိကသုတ်အရ ရေးပါ။

**ဖြေ။ ၃။ ပထမဂါထာ--**

ဖြစ်လာသော ယောကျ်ား၏ပါးစပ်၌ ဓားမနှင့်တူသော ကြမ်းကြုတ်သော စကားသည် ဖြစ်၏၊ သူမိုက်သည် မကောင်းသဖြင့် ဆိုအပ်သော စကားကို ဆိုကာ ယင်းဓားမနှင့်တူသော ကြမ်းကြုတ်သော စကားဖြင့် မိမိကိုယ်ကို ဖြတ်၏။ [နာ/၁၄၄] (၅ မှတ်)

**အစစ် --**

ထက်သန်သော ဝီရိယရှိ၍ နိဗ္ဗာန်သို့ စေလွှတ်သော စိတ်ရှိကာ မြဲမြံသော အားထုတ်မှုရှိသူ။

[နာ/၁၅၈] ( ၅ မှတ် )

မေး။ ၄။ ဒေဝဟိတသုတ်လာ ပုဏ္ဏားလျှောက်သော ဂါထာနှစ်ပုဒ်ကို ဖြေဆိုပြပါ။

**ဖြေ။ ၄။ ပထမဂါထာ ---**

ဦးပြည်းသာဖြစ်၍ ဒုကုဋ်သင်္ကန်းကို ရုံလျက် ဆိတ်ဆိတ်ရပ်နေသော အရှင်သည် အဘယ်ကို တောင့်တလျက် အဘယ်ကို ရာမီးလိုသည်ဖြစ်၍ အဘယ်ကို တောင်းခံခြင်းငှါ လာသနည်း။ [နာ/၁၆၆]( ၅ မှတ်

**ဒုတိယဂါထာ ---**

အဘယ်ပုဂ္ဂိုလ်၌ လှူဖွယ်ဝတ္ထုကို လှူရအံ့နည်း၊ အဘယ်ပုဂ္ဂိုလ်၌ လှူအပ်သော အလှူသည် အကျိုးကြီးပါသနည်း၊ အဘယ်သို့လျှင် ပေးလှူပူဇော်သောသူအား အဘယ်သို့လျှင် အလှူသည် ပြည့်စုံသနည်း။[နာ/၁၆၆] ( ၅ မှတ် )

မေး။ ၅။ ဒုဗ္ဗဏ္ဏိယသုတ်လာ

ကောဓဘက္ခနတ်သားအစွမ်းနှင့် ထိုနတ်သားအား သိကြားမင်းပြောကြားသော စကားရပ်တို့ကို ပြောပုံအခြင်းအရာနှင့်တကွ ရေးပြပါ။

**ဖြေ။ ၅။ အစွမ်း ----**

တာဝတိံသာနတ်တို့ ကဲ့ရဲ့တိုင်း၊ ရှုတ်ချတိုင်း၊ အပြစ်ပြောဆိုတိုင်း ထိုနတ်သားသည် ပို၍ အဆင်းလှလာ၏၊ ပို၍ ရှုချင်ဖွယ် ရှိလာ၏၊ ပို၍ ကြည်ညိုဖွယ် ရှိလာ၏။ [နာ/၂၂၃] (၅ မှတ်)

**စကားရပ်နှင့်အခြင်းအရာ ---**

ထိုကောဓဘက္ခနတ်သားထံသို့ ချဉ်းကပ်၍ ပုခုံးတဖက်၌ အပေါ်ရုံကို စမွယ်တင်လျက် လက်ျာဒူးကို မြေ၌ ထောက်ကာ ထိုကောဓဘက္ခနတ်သားထံသို့ လက်အုပ်ချီလျက်၊ ( ၃ မှတ် )

""အချင်း အကျွန်ုပ်သည် နတ်တို့အရှင် သိကြားမင်းတည်း၊ အချင်း အကျွန်ုပ်သည် နတ်တို့အရှင် သိကြားမင်းတည်း""ဟု သုံးကြိမ်တိုင် အမည်ကို ပြောကြား၏။ [နာ/၂၂၃] ( ၃ မှတ် )

မေး၆။

အညတိတ္ထိယသုတ်လာ ပရိဗိုဇ်တို့ပြောသော ကမ္မဝါဒီများ၏ အယူလေးပါးကို ဖော်ပြ၍ ပဉ္စ ဝေရဘယသုတ်လာ ရန်ကင်းသူများကိုလည်း ဖော်ပြပါ။

ဖြေ။ ၆။ **အယူလေးပါး ----**

၁။ ဆင်းရဲကို ကိုယ်တိုင်ပြုအပ်၏။

၂။ ဆင်းရဲကို သူတစ်ပါးပြုအပ်၏။

၃။ ဆင်းရဲကို ကိုယ်တိုင်လည်းပြုအပ် သူတစ်ပါးလည်းပြုအပ်၏။

၄။ ဆင်းရဲကို ကိုယ်တိုင်လည်းပြုအပ်သည်မဟုတ်၊ သူတစ်ပါးတို့ပြုအပ်သည်လည်းမဟုတ်။

[နှာ/၂၅၅] (အကုန်မှန် ၅-မှတ် ပေး)

**ရန်ကင်းသူများ ----**

၁။ သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်သောသူ၊

၂။ မပေးသည်ကို ခိုးယူခြင်းမှ ရှောင်ကြဉ်သောသူ၊

၃။ ကာမတို့၌ မှားသောအားဖြင့် ကျင့်ခြင်းမှ ရှောင်ကြဉ်သောသူ၊

၄။ မဟုတ်မမှန်သော စကားကို ပြောခြင်းမှ ရှောင်ကြဉ်သောသူ၊

၅။ သေအရက်ကို သောက်စားခြင်းမှ ရှောင်ကြဉ်သောသူ။[နှာ/၂၅၈] ( ၅ မှတ် )

မေး။၇။

လောကာယတိကသုတ်လာ လောကချဲ့တရားများကို ရေး၍၊ တရုဏရက္ခသုတ်လာ တဏှာပွားသူနှင့် တဏှာချုပ်သူကိုလည်း ခွဲခြားကာ ဖြေဆိုပါ။

ဖြေ။ ၇။ **လောကချဲ့တရားများ ----**

၁။ အလုံးစုံသည် ရှိ၏ဟူသော အယူ၊

၂။ အလုံးစုံသည် မရှိဟူသော အယူ၊

၃။ အလုံးစုံသည် တူသောသဘောရှိ၏ဟူသော အယူ၊

၄။ အလုံးစုံသည် ထူးခြားသောသဘောရှိ၏ဟူသော အယူ။ [နှာ/၂၉၂] (၄ မှတ်

**တဏှာပွားသူ ----**

သံယောဇဉ်၏ အကြောင်းဖြစ်သော တေဘူမိကတရားတို့၌ သာယာဖွယ်ဟု ရှုသည်ဖြစ်၍ နေသောသူ။ [နှာ/ ၃၀၂] ( ၃ မှတ်

**တဏှာချုပ်သူ -----**

သံယောဇဉ်၏ အကြောင်းဖြစ်သော တေဘူမိကတရားတို့၌ အပြစ်ဟု ရှုသည်ဖြစ်၍ နေသောသူ။

[နှာ/၃၀၂] ( ၃ မှတ်

**မေး။ ၈။** နခသိခါသုတ်လာ သစ္စာလေးပါးသိရခြင်းအကျိုးကို ရေးပြ၍၊ ဖဿနာနတ္တသုတ်လာ ဓာတ်တို့ကိုလည်း ဖော်ပြပါ။

**ဖြေ။ ၈။ အကျိုး ---**

ကုန်ပြီးဆုံးပြီးသော ဆင်းရဲဒုက္ခသည်သာလျှင် အလွန်များ၏၊ ကြွင်းကျန်သော ဆင်းရဲဒုက္ခသည် အနည်းငယ်သာတည်း၊ ခုနစ်ဘဝ အတိုင်းအရှည်ရှိသော ဆင်းရဲအစုသည် ရှေး၌ ကုန်ဆုံးပြီးသော ဆင်းရဲအစုကို ထောက်ထားလျှင် အစိတ်တစ်ရာတစ်ထောင်တစ်သိန်း စိတ်၍ တစ်စိတ်ကိုမျှ မမီနိုင်။[နှာ/၃၃၇]( ၅ မှတ် )

**ဓာတ် ----**

စက္ခုဓာတ်၊ သောတဓာတ်၊ ဃာနဓာတ်၊ ဇိဝှါဓာတ်၊ ကာယဓာတ်၊ မနောဓာတ်။ [နှာ/၃၄၃] ( ၅ မှတ် )

**မေး။ ၉။** အပေါင်းအသင်း၏ ဖွင့်ဆိုချက်ကို ဟီနာဓိမုတ္တိကသုတ်အလိုအရ ဖော်ပြ၍၊ ပထဝီဓာတ်၏ သာယာဖွယ်၊ အပြစ်၊ ထွက်မြောက်ကြောင်းတို့ကို ပုဗ္ဗေသမ္ဗောဓသုတ်အလိုကျ ရေးပြပါ။

**ဖြေ။ ၉။ အပေါင်းအသင်း ---**

ယုတ်ညံ့သော နှလုံးသွင်းရှိသောသူတို့သည် ယုတ်ညံ့သော နှလုံးသွင်းရှိသောသူတို့နှင့် တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏။

ကောင်းသော နှလုံးသွင်းရှိသောသူတို့သည် ကောင်းသော နှလုံးသွင်းရှိသောသူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏။ [နှာ/၃၅၂] ( ၄ မှတ် )

**သာယာဖွယ် ----**

ပထဝီဓာတ်ကိုစွဲ၍ ဖြစ်သော ချမ်းသာမှု၊ ဝမ်းမြောက်မှု။ ( ၂ မှတ် )

**အပြစ် ---**

ပထဝီဓာတ်၏ အမြဲမရှိခြင်း၊ ဆင်းရဲခြင်း၊ ဖောက်ပြန်တတ်သော သဘောရှိခြင်း။ ( ၂ မှတ် )

**ထွက်မြောက်ကြောင်း ----**

ပထဝီဓာတ်၌ တပ်မက်မှု ""ဆန္ဒရာဂ"" ကို ပယ်ဖျောက်ခြင်း။ [နှာ/၃၆၈] ( ၂ မှတ် )

မေး။၁၀။ တိံသမတ္တသုတ်လာ ပါဝေယျကတိုင်းသားရဟန်းများ ဆောင်သောဓုတင်တို့ကို ရေးပြ၍၊ ဒိရဏာသုတ်လာ လာဘ်၏ အန္တရာယ်နှင့် ကျင့်ရမည့်နည်းကိုလည်း ရေးပြပါ။

ဖြေ။ ၁၀။ ဓုတင် ---

အရညကင်ဓုတင်၊ ပိဏ္ဍပါတ်ဓုတင်၊ ပံသုကူဓုတင်၊ တိစီဝရိတ်ဓုတင်။ [နှာ/၃၇၁]

( ၄ မှတ် )

အန္တရာယ် ---

ခက်ထန်၏၊ ထက်မြက်၏၊ ကြမ်းတမ်း၏၊ အတုမရှိမှု၍ ယောဂ၏ကုန်ရာ အရဟတ္တဖိုလ်ကို ရခြင်း၏ အန္တရာယ်ကို ပြုတတ်၏။ [နှာ/၄၁၃]( ၃ မှတ် )

ကျင့်နည်း ---

ဖြစ်ပေါ်လာသော လာဘ်ပူဇော်သက္ကာ အကျော်အစောကို စွန့်ကုန်အံ့၊ ဖြစ်ပေါ်လာသော လာဘ်ပူဇော်သက္ကာ အကျော်အစောသည် ငါတို့၏ ကုသိုလ်စိတ်ကို သိမ်းကျုံးယူငင်၍ မတည်နိုင်လတံ့။ [နှာ/၄၁၃]( ၃ မှတ်

ရန်ကုန်မြို့

ဒေါက်တာခင်ခင်ရီ ပရိယတ္တိဖောင်ဒေးရှင်းက ကြီးမှူးကျင်းပသော

ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ

**အုပ်စု (၄) သံယုတ္တနိကာယ**

**သဂါထာဝဂ္ဂ နိဒါနဝဂ္ဂ သံယုတ္တပါဠိတော် မြန်မာပြန် မေးခွန်း**

၁၃၈၄ - ခုနှစ်၊ နယုန်လပြည့်ကျော် ၇ - ရက်၊ (၂၀ - ၆ - ၂၀၂၂) တနင်္လာနေ့

ခွင့်ပြုချိန်။ ။၄ - နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

---

၁။ သူတော်ကောင်းအား ဆည်းကပ်ရခြင်းအကျိုးနှင့် ဆက်စပ်၍ နတ်တို့လျှောက်ထားရာ၀ယ် မြတ်ဗုဒ္ဓ၏ ဖြည့်စွက် မိန့်မှာတော်မူချက်ကို ဖော်ပြ၍၊ အရှင်အာနန္ဒာ ချီးမွမ်းပြောဆိုခဲ့သော အရှင်သာရိပုတ္တရာ၏ ဂုဏ်ရည်တို့မှ ရွေ့ဆုံး (၅) ခုမျှ တင်ပြခဲ့ပါ။

၂။ မြတ်စွာဘုရားမိန့်ကြားတော်မူသော အဇာတသတ်မင်းနှင့် ကောသလမင်းတို့၏ ခြားနားပုံကို ပဌမသင်္ဂါမသုတ် အလိုကျ ဖော်ပြ၍၊ မြတ်စွာဘုရားကို ကြောက်စေလိုသော မာရ်နတ်၏ ဖန်ဆင်းပြရာ အနေအထားတို့မှ ခန္ဓာကိုယ်, ပါးပျဉ်း, မျက်လုံးတို့၏ အမူအရာတို့ကိုလည်း သပ္ပသုတ်မှ ထုတ်နုတ်ဖြေဆိုခဲ့ပါ။

၃။ သနင်္ကုမာရသုတ်လာ သနင်္ကုမာရဗြဟ္မာ လျှောက်ထားသည့် စကားစုတို့ကို ရေး၍၊ ဓနဉ္ဇာနီပုဏ္ဏေးမ ကျူးရင့်သည့် ဥဒါန်းပါဠိတော်ကိုလည်း ပြည့်စုံစွာ ဖော်ပြခဲ့ပါ။

၄။ အပြစ်မရှိသောစကားဖြစ်ဖို့ရန် လိုအပ်သောအင်္ဂါတို့ကို ရေး၍၊ ဝေသာလီမြို့မှ သီချင်းသံကြားရ၍ ဖြေမဆည်နိုင်ဖြစ်နေသော ဝဇ္ဇီပုတ္တကရဟန်းတော်၏ ငိုကြွေးပုံ စကားရပ်ကိုလည်း ဖော်ပြပါ။

၅။ ကြိုးစားမှုမရှိသည့် သုသိမအား ဆုံးမလို၍ သိကြားမင်းပြောကြားသည့် ပဌမစကားရပ်ကို ရေး၍၊ သိကြားမင်းဖြစ်ကြောင်း အကျင့်ကောင်းတို့မှ အစဆုံး (၃) ခုကိုသာ ဖော်ပြခဲ့ပါ။

၆။ အိုခြင်း၏ အဓိပ္ပါယ်ကို ဝိဘင်္ဂသုတ်မှ ထုတ်နုတ်တင်ပြ၍၊ မြတ်ဗုဒ္ဓအလိုတော်ကျ ဓမ္မကထိက အမည်ရသော ရဟန်းကိုလည်း ဖော်ပြခဲ့ပါ။

၇။ "အပါယ်ဒုဂ္ဂတိမှ လွတ်မြောက်ပြီးသူ"ဟု ခေါ်ဆိုနိုင်သူ၏ ပြည့်စုံရမည့် အင်္ဂါတို့ကို ပဥ္စဝေရဘယသုတ်မှ အကျဉ်းချုပ် ဖော်ပြ၍၊ ရုပ်သည် နိစ္စလော? အနိစ္စလော? ဟူသော ပုစ္ဆာကိုလည်း သုသိမသုတ်ကို ထောက်၍ ဖြေဆိုခဲ့ပါ။

၈။ 'ငကန်းရှိရာ ငစွေလာ' ဟူသော စကားနှင့်အညီ ဓာတ်သဘောတူသူတို့ အချင်းချင်းသာ ရောနှောကြပုံကို အသမာဟိတသုတ် ကဏ္ဍပက္ခ ရှုမြော်၍ ဖြေဆိုပြီး၊ ကမ္ဘာသည် အဘယ်မျှ ရှည်ကြာပါသနည်း?ဟူသော အမေး၏ အဖြေကိုလည်း မြတ်ဗုဒ္ဓအလိုတော်ကျ ပဗ္ဗတသုတ်ရှုကာ ဖြေဆိုခဲ့ပါ။

၉။ တရားဟောရာနှင့် ဆက်စပ်၍ အရှင်မဟာကဿပ၏ ကြည်ညိုဖွယ်ရာ စိတ်နေသဘောထားကို ဖော်ပြ၍၊ အမျိုးတို့၌ တိကဘောဇဉ်ပညတ်ခြင်းကြောင့် ရရှိအပ်သောအကျိုးတို့ကိုလည်း စီဝရသုတ်အလိုကျ ဖြေဆိုခဲ့ပါ။

၁၀။ အရှင်မဟာမောဂ္ဂလာန် မြင်တော်မူရာ ပြိတ္တာတို့မှ အစဆုံး (၃) ယောက်ကို ဖော်ပြ၍၊ မြတ်ဗုဒ္ဓ၏ တောင့်တချက်အတိုင်း ရရှိခဲ့သော အရှင်နန္ဒ၏ ဂုဏ်ရည်တို့ကိုလည်း ဖြေဆိုပါ။

**တစ်ပုစ္ဆာလျှင် (၁၀)မှတ်စီ**

## ၁၃၈၄-ခု၊ ၂၀၂၂-ခု
## အုပ်စု (၄) သံယုတ္တနိကာယ
## သဂါထဝဂ္ဂ၊ နိဒါနဝဂ္ဂသံယုတ်ပါဠိတော် မြန်မာပြန် မေးခွန်း နှင့် အဖြေ

-------------------------------

၁။ သူတော်ကောင်းအား ဆည်းကပ်ရခြင်းအကျိုးနှင့် ဆက်စပ်၍ နတ်တို့လျှောက်ထားရာဝယ် မြတ်ဗုဒ္ဓ၏ ဖြည့်စွက် မိန့်မှာတော်မူချက်ကို ဖော်ပြ၍၊အရှင်အာနန္ဒာ ချီးမွမ်းပြောဆိုခဲ့သော အရှင်သာရိပုတ္တရာ၏ ဂုဏ်ရည်တို့မှ ရွေ့ဆုံး (၅) ခုမျှ တင်ပြခဲ့ပါ။

**မြတ်ဗုဒ္ဓ၏ ဖြည့်စွက်မိန့်မှာတော်မူချက်-**

သူတော်ကောင်းတို့နှင့်သာလျှင် ပေါင်းဖော်ရာ၏၊ သူတော်ကောင်းတို့နှင့် ပေါင်းဖော်ခြင်းကို ပြုရာ၏၊ သူတော်ကောင်းတို့၏တရားကို သိသည်ရှိသော် အလုံးစုံသော ဆင်းရဲအပေါင်းမှ လွတ်မြောက်နိုင်၏။ (မြန်-၁၆)

**အရှင်အာနန္ဒာ ချီးမွမ်းပြောဆိုခဲ့သော အရှင်သာရိပုတ္တရာ၏ ဂုဏ်ရည်တို့မှ ရွေ့ဆုံး (၅) ခု-**

၁။ ပညာရှိခြင်း။
၂။ ကြီးသောပညာရှိခြင်း။
၃။ ကျယ်ပြန့်သောပညာရှိခြင်း။
၄။ ရွှင်သောပညာရှိခြင်း။
၅။ လျင်မြန်သောပညာရှိခြင်း။ (မြန်- ၆၁/၆၂)

---------------------------------------------------------------------------------------------

၂။ မြတ်စွာဘုရားမိန့်ကြားတော်မူသော အဇာတသတ်မင်းနှင့် ကောသလမင်းတို့၏ ခြားနားပုံကို ပဉ္စမသင်္ဂါမသုတ် အလိုကျ ဖော်ပြ၍၊ မြတ်စွာဘုရားအား ကြောက်စေလိုသော မာရ်နတ်၏ ဖန်ဆင်းရာ အနေအထားတို့မှ ခန္ဓာကိုယ်, ပါးပျဉ်း, မျက်လုံးတို့၏ အမူအရာတို့ကိုလည်း သပ္ပသုတ်မှ ထုတ်နုတ်ဖြေဆိုခဲ့ပါ။

**မြတ်စွာဘုရားမိန့်ကြားတော်မူသော အဇာတသတ်မင်းနှင့် ကောသလမင်းတို့၏ ခြားနားပုံ-**

အဇာတသတ်မင်းသည် ယုတ်မာသောအဆွေခင်ပွန်းရှိ၏၊ ယုတ်မာသောအပေါင်းအဖော်ရှိ၏၊ ယုတ်မာသော သူတို့၌ ကိုင်းညွှတ်သောစိတ်ရှိ၏၊ ပသေနဒီကောသလမင်းသည် ကောင်းသောအဆွေခင်ပွန်းရှိ၏၊ ကောင်းသောအပေါင်းအဖော်ရှိ၏၊ ကောင်း သောသူတို့၌ ကိုင်းညွှတ်သောစိတ်ရှိ၏။ ရဟန်းတို့ ယနေ့သာလျှင် ပသေနဒီကောသလမင်းသည် စစ်ရှုံးသည်ဖြစ်၍ ဤညဥ့်ပတ်လုံး ဆင်းရဲစွာ နေရလတ္တံ့။ (မြန်-၈၂)

**ခန္ဓာကိုယ်အမူအရာ-**

ကြီးစွာသောမြွေမင်း၏ အသွင်ကို ဖန်ဆင်းလျက် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၏။ ထိုမြွေမင်း၏ ကိုယ်သည် လုံးထွင်းလှေကဲ့သို့ ဖြစ်၏။

**ပါးပျဉ်းအမူအရာ-**

အရက်ချက်သမားတို့၏ မုန့်ညက်လှန်း ဖျာကဲ့သို့ ဖြစ်၏။

**မျက်လုံးအမူအရာ-**

ကောသလမင်း၏ ကြေးခါက်ကြီးတို့ကဲ့သို့ဖြစ်၏။ (မြန်-၁၀၄)

၃။ သနက်ုမာရသုတ်လာ သနက်ုမာရဗြဟ္မာ လျှောက်ထားသည့် စကားစုတို့ကို ရေး၍၊ မနဋ္ဌာနီ ပုဏ္ဏေးမ ကျူးရင့်သည့် ဥဒါန်းပါဠိတော်ကိုလည်း ပြည့်စုံစွာ ဖော်ပြခဲ့ပါ။

**၃-အဖြေ**

**သနက်ုမာရဗြဟ္မာ လျှောက်ထားသည့် စကားစု-**

လူအပေါင်း၌ အမျိုးအနွယ်ကို စိစစ်လေ့ရှိသောသူတို့တွင် မင်းမျိုးသည် မြတ်၏၊ နတ်လူအပေါင်း တွင် အသိဉာဏ်ဝိဇ္ဇာ အကျင့်စရဏနှင့် ပြည့်စုံသောသူသည် မြတ်၏။ (မြန်-၁၄၇)

**မနဋ္ဌာနီပုဏ္ဏေးမကျူးရင့်သည့် ဥဒါန်းပါဠိတော်-**

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။ (၃) (မြန်-၁၅၃)

---

၄။ အပြစ်မရှိသောစကားဖြစ်ဖို့ရန် လိုအပ်သောအင်္ဂါတို့ကို ရေး၍၊ ဝေသာလီမြို့မှ သီချင်းသံကြားရ၍ ဖြေမဆည်နိုင်ဖြစ်နေသော ဝဇ္ဇီပုတ္တကရဟန်းတော်၏ ငိုကြွေးပုံ စကားရပ်ကိုလည်း ဖော်ပြပါ။

၄-အဖြေ

**အပြစ်မရှိသောစကားဖြစ်ဖို့ရန် လိုအပ်သောအင်္ဂါ-**

၁။ ကောင်းစွာဆိုအပ်သောစကားဖြစ်ခြင်း။

၂။ တရားနှင့်ညီသောစကားဖြစ်ခြင်း။

၃။ ချစ်ခင်ဖွယ်စကားဖြစ်ခြင်း။

၄။ မှန်ကန်သောစကားဖြစ်ခြင်း။ (မြန်-၁၇၈)

**ဝဇ္ဇီပုတ္တကရဟန်းတော်၏ ငိုကြွေးပုံ-**

"ငါတို့သည် တောအုပ်၌ အသုံးမဝင်သော သစ်သားဆွေးကဲ့သို့ တယောက်တည်းတော၌ နေရကုန်၏၊ ဤသို့သော ညဉ့်၌ ငါတို့အောက် အထူးသဖြင့် ယုတ်ညံ့သော အဘယ်မည်သောသူရှိပါအံ့ နည်း" (မြန်-၁၉၀)

---

၅။ ကြိုးစားမှုမရှိသည့် သုသီမအား ဆုံးမလို၍ သိကြားမင်းပြောကြားသည့် ပဋ္ဌမစကားရပ်ကို ရေး၍၊ သိကြားမင်းဖြစ်ကြောင်း အကျင့်ကောင်းတို့မှ အစဆုံး (၃) ခုကိုသာ ဖော်ပြခဲ့ပါ။

**၅-အဖြေ**

**သုသီမအား ဆုံးမလိုသည့် သိကြားမင်းပြောကြားသည့် ပဌမစကားရပ်-**

"သုသီသ အကြင်အရပ်၌ ထကြွမှုမရှိပဲ အားမထုတ်ပဲ ချမ်းသာကို ရနိုင်၏၊ ထိုအရပ်သို့ သင်သွား လော့၊ ငါ့ကိုလည်း ထိုအရပ်သို့သာလျှင် ပို့ပါလော့" (မြန်-၂၀၄)

**သိကြားမင်း ဖြစ်ကြောင်း အကျင့်ကောင်းတို့မှ အစဆုံး (၃) ခု-**

၁။ အသက်ထက်ဆုံး အမိအဖကို လုပ်ကြွေးခြင်း။

၂။ အသက်ထက်ဆုံး အမျိုးထဲ၌ ကြီးသောသူတို့ကို အရိုအသေပြုလေ့ရှိခြင်း။

၃။ အသက်ထက်ဆုံး သိမ်မွေ့သောစကားကို ဆိုလေ့ရှိခြင်း။ (မြန်-၂၁၆)

---

၆။ အိုခြင်း၏ အဓိပ္ပါယ်ကို ဝိဘင်္ဂသုတ်မှ ထုတ်နုတ်တင်ပြ၍၊ မြတ်ဗုဒ္ဓအလိုတော်ကျ ဓမ္မကထိက အမည်ရသော ရဟန်းကိုလည်း ဖော်ပြခဲ့ပါ။

၆-အဖြေ

**အိုခြင်း၏ အဓိပ္ပါယ်-**

ထိုထိုသတ္တဝါတို့၏ ထိုထိုဘုံဘဝ၌ အိုမင်းခြင်း အိုမင်းသည်အဖြစ် သွားကျိုးခြင်း ဆံဖြူခြင်း အရေတွန့်ခြင်း အသက်၏ ယုတ်လျော့ခြင်း ဣန္ဒြေတို့၏ ရင့်ကျတ်ခြင်းဟူသော ဤသဘောတရားကို အိုမှုဇရာဟု ဆိုအပ်၏။ (မြန်-၂၂၉)

**ဓမ္မကထိကအမည်ရသောရဟန်း-**

အိုမှုဇရာ၊သေမှုမရဏ၊ပဋိသန္ဓေနေမှုဇာတိ၊ဘဝကိုစွဲလမ်းမှုဥပါဒါန်၊တပ်မက်မှုတဏှာ၊ခံစားမှုဝေဒနာ တွေ့ထိမှုဖဿ၊ တည်ရာအာယတနခြောက်ပါး၊ နာမ်ရုပ်၊ သိမှုဝိညာဏ်၊ ပြုစီရင်မှုသင်္ခါရ၊ မသိမှုအဝိဇ္ဇာ တို့ကို ငြီးငွေ့ရန် တပ်မက်မှုကင်းရန် ချုပ်ငြိမ်းရန် တရားဟောသောရဟန်း။ (မြန်-၂၄၃)

---

၇။ "အပါယ်ဒုဂ္ဂတိမှ လွတ်မြောက်ပြီးသူ"ဟု ခေါ်ဆိုနိုင်သူ၏ ပြည့်စုံရမည့် အင်္ဂါတို့ကို ပဉ္စဝေရဘယ သုတ်မှ အကျဉ်းချုပ် ဖော်ပြ၍၊ ရုပ်သည် နိစ္စလော? အနိစ္စလော? ဟူသော ပုစ္ဆာကိုလည်း သုသီမ သုတ်ကို ထောက်၍ ဖြေဆိုခဲ့ပါ။

**၇-အဖြေ**

**အပါယ်ဒုဂ္ဂတိမှ လွတ်မြောက်ပြီးသူဟု ခေါ်ဆိုနိုင်သူ-**

သူ့အသက်ကို သတ်ခြင်းအစရှိသော ငါးပါးသော ဘေးရန်တို့မှ ငြိမ်းခြင်း။

မြတ်စွာဘုရား၌ မမိုတ်မသုံ သက်ဝင်ယုံကြည်ခြင်းစသော သောတာပတ္တိယင်္ဂလေးပါးတို့နှင့်ပြည့်စုံခြင်း။

အပြစ်ကင်းသော သိအပ်သောတရားကို ပညာဖြင့် ကောင်းစွာမြင်ခြင်း။ ကောင်းစွာထိုးထွင်းသိ ခြင်းတို့နှင့် ပြည့်စုံသူ။ (မြန်-၂၈၇)

**ရုပ်သည် နိစ္စလော? အနိစ္စလော?-**

သုသီမ ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း? ရုပ်သည် မြဲသလော မမြဲသလော။ အရှင်ဘုရား မမြဲပါ။ မမြဲသောရုပ်သည် ဆင်းရဲသလော ချမ်းသာသလော။ အရှင်ဘုရား ဆင်းရဲဖြစ်ပါ၏။

မမြဲသော ဆင်းရဲသော ဖောက်ပြန်သော သဘောရှိသောရုပ်ကို ဤရုပ်သည် ငါ၏ ဥစ္စာတည်း။ ဤရုပ်သည် ငါဖြစ်၏။ ဤရုပ်သည် ငါ၏ အတ္တတည်းဟု ရှုမြင်ခြင်းငှာ သင့်ပါမည်လော။ အရှင်ဘုရား (ဤသို့ရှုခြင်းငှာ) မသင့်ပါ-ဟူသောအမေးအဖြေစကားတို့ကို ထောက်ဆ၍ အနိစ္စဖြစ်ပါသည်။ (မြန်-၃၃၀)

---

၈။ ‘ငကန်းရှိရာ ငစွေလာ’ ဟူသော စကားနှင့်အညီ ဓာတ်သဘောတူသူတို့ အချင်းချင်းသာ ရောနှော ကြပုံကို အသမာဟိတသုတ် ကဏ္ဍပက္ခ ရှုမြှော်၍ ဖြေဆိုပြီး၊ ကမ္ဘာသည် အဘယ်မျှ ရှည်ကြာပါ သနည်း?ဟူသော အမေး၏ အဖြေကိုလည်း မြတ်ဗုဒ္ဓအလိုတော်ကျ ပဗ္ဗတသုတ်ရှုကာ ဖြေဆိုခဲ့ပါ။

**၈-အဖြေ**

**ဓာတ်သဘောတူသူတို့အချင်းသာ ရောနှောကြပုံ-**

သတ္တဝါတို့သည် ဓာတ်အားဖြင့်သာလျှင် တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏၊

၁။ သဒ္ဓါတရားမရှိသူတို့သည် သဒ္ဓါတရားမရှိသူတို့နှင့်အတူ တပေါင်းတည်း တသားတည်းဖြစ်ကုန်၏၊

၂။ မကောင်းမှုမှ မရှက်တတ်ကုန်သောသူတို့သည် မကောင်းမှုမှ မရှက်တတ်ကုန်သောသူတို့နှင့် အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏၊

၃။ မကောင်းမှုမှ မကြောက်လန့်တတ်ကုန်သော သူတို့သည် မကောင်းမှုမှ မကြောက်လန့် တတ်ကုန်သောသူတို့နှင့် တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏၊

၄။ မတည်ကြည်ကုန်သောသူတို့သည် မတည်ကြည်ကုန်သောသူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏၊

၅။ ပညာမဲ့ကုန်သောသူတို့သည်ပညာမဲ့ကုန်သောသူတို့နှင့်အတူတပေါင်းတည်းတသားတည်းဖြစ် ကုန်၏။ (မြန်-၃၆၃)

**ကမ္ဘာသည် အဘယ်မျှ ရှည်ကြာပါသနည်း?-**

ဥပမာအားဖြင့် မကွဲမပြတ်သော အခေါင်းမရှိသော တခဲနက်ဖြစ်သော ကျောက်တောင်ကြီးသည် အလျားအားဖြင့် တယူဇနာ အနံအားဖြင့် တယူဇနာ အစောက်အားဖြင့် တယူဇနာရှိ၏၊ ထိုကျောက်တော-င်ကြီးကို ယောက်ျားသည် အနှစ်တရာ အနှစ်တရာလွန်သောအခါ၌ ကာသိတိုင်းဖြစ် အဝတ်ဖြင့် တကြိမ်-တကြိမ်သာ ပွတ်တိုက်ရာ၏၊ ထိုကျောက်တောင်ကြီးသည် ဤလုံ့လဖြင့် လျင်စွာသာလျှင် ကုန်ခြင်းသို့ရေ-ာက်ရာ၏၊ ကမ္ဘာသည် ကုန်ဆုံးခြင်းသို့ မရောက်ရာ၊ ကမ္ဘာသည် ဤသို့ ရှည်လျားလှ၏။ (မြန်-၃၇၇)

---

၉။ တရားဟောရာနှင့် ဆက်စပ်၍ အရှင်မဟာကဿပ၏ ကြည်ညိုဖွယ်ရာ စိတ်နေသဘောထားကို ဖော်ပြ၍၊ အမျိုးတို့၌ တိကဘောဇဉ်ပညတ်ခြင်းကြောင့် ရရှိအပ်သောအကျိုးတို့ကိုလည်း စီဝရ သုတ်အလိုကျ ဖြေဆိုခဲ့ပါ။

**အရှင်မဟာကဿပ၏ ကြည်ညိုဖွယ်ရာ စိတ်နေသဘောထား-**

"မြတ်စွာဘုရားဟောကြားအပ်သောတရားတော်သည် ကောင်းစွာဟောထားသော တရားတော်ပါ ပေတည်း၊ ကိုယ်တိုင် သိမြင်အပ်သောတရားတော်ပေတည်း၊

အခါမလင့် အကျိုးပေးတတ်သော တရား တော်ပါပေတည်း၊

လာလှည့် ရှုလှည့်ဟု ပြထိုက်သောတရားတော်ပါပေတည်း၊

မိမိ၏ ကိုယ်ထဲစိတ်ထဲ၌ ဆောင်ယူထိုက်သောတရားတော်ပေတည်း၊

ပညာရှိတို့သာ ကိုယ်စီကိုယ်ငှ သိမြင်နိုင်သော တရားတော်ပါပေတည်း ဟု နှလုံးသွင်း၍ ငါ-ဟောသော တရားကို နာကြားကြကုန်မူ နာကြားပြီး၍လည်း တရားကို သိကြပါကုန်မူ သိပြီး၍လည်း အရဟတ္တဖိုလ်ဟူသော အကျိုးငှာ ကျင့်ကြပါကုန်မူ ကောင်းလေစွ" ဟု စိတ်ရှိသည်ဖြစ်၍ သူတပါးအား တရားဟောခြင်း။ တရားတော်၏ ကောင်းသောအဖြစ်ကိုစွဲ၍ တရားဟောခြင်း သနားကြင်နာခြင်းကိုစွဲ၍ အစဉ်စောင့်ရှောက်ခြင်းကို အကြောင်းပြု၍ တရားဟောခြင်း။ (မြန်-၃၉၁)

**အမျိုးတို့၌ တိကဘောဇဉ်ပညတ်ခြင်းကြောင့် ရရှိအပ်သော အကျိုး-**

၁။ သီလမရှိသောပုဂ္ဂိုလ်တို့ကို နှိပ်ကွက်၍ သီလကို ချစ်မြတ်နိုးကုန်သော ရဟန်းတို့အား ချမ်းသာစွာ နေထိုင်ရခြင်းအကျိုးငှာ။

၂။ အလိုဆိုးရှိကုန်သော ရဟန်းတို့သည် အသင်းအပင်းကို မှီ၍ သံဃာကို မဖျက်ဆီးခြင်းငှာ။

၃။ ဒါယကာကို ချီးမြှောက်ခြင်းငှာ။ (မြန်- ၄၀၇)

---

၁၀။ အရှင်မဟာမောဂ္ဂလာန် မြင်တော်မူရာ ပြိတ္တာတို့မှ အစဆုံး (၃) ယောက်ကို ဖော်ပြ၍၊ မြတ်ဗုဒ္ဓ၏ တောင့်တချက်အတိုင်း ရရှိခဲ့သော အရှင်နန္ဒ၏ ဂုဏ်ရည်တို့ကိုလည်း ဖြေဆိုပါ။

**၁၀-အဖြေ**

**အရှင်မဟာမောဂ္ဂလာန် မြင်တော်မူရာ ပြိတ္တာတို့မှ အစဆုံး (၃) ယောက်-**

၁။ အရိုးစုပြိတ္တာ။ ၂။ အသားတစ်ပြိတ္တာ ၃။ အသားတုံးပြိတ္တာ။ (မြန်-၄၃၆/၇)

**မြတ်ဗုဒ္ဓ၏ တောင့်တချက်အတိုင်း ရရှိခဲ့သော အရှင်နန္ဒ၏ ဂုဏ်ရည်-**

၁။အာရညကင်ဓုတင်ကိုဆောင်ခြင်း၊ ၂။ပိဏ္ဍပါတ်ဓုတင်ဆောင်ခြင်း၊ ၃။ပံသုကူဓုတင်ဆောင်ခြင်းတို့ဖြင့် ကာမဂုဏ်တို့၌ မငဲ့ကွက်ပဲ နေထိုင်ခြင်း။ (မြန်-၄၅၇)

---

**သဂါထဝဂ္ဂ၊ နိဒါနဝဂ္ဂသံယုတ်ပါဠိတော် မြန်မာပြန်**

**မေးခွန်း နှင့် အဖြေ ပြီးပြီ။**

ကျောင်းစာပဲ တော်ပြီး
ပြင်ပဗဟုသုတ မရှိတဲ့လူငယ်ဟာ
တော်ရင်သာတော်မယ်
မထက်မြက်ဘူး
လူငယ်ဆိုတာ စာဖတ်ရတယ်ကွယ့်

▪ မိုးမိုး(အင်းလျား) ▪



မိုးမိုး(အင်းလျား)
1944 - 1990